# ရေးလာတဲ့ပေးစာ

သို့/

**သျှမ်းသံတော်ဆင့် အယ်ဒီတာ ခင်ဗျား**

သမိုင်းတခုလုံးကိုပြန်ဆန်းစစ်ကြည့်ရင် နအဖစစ်တပ်ဟာ အရင်ကထက် အားကောင်းလာရုံသာမက စစ်ဖက်ပစ္စည်းကိရိယာတွေလည်း ခေတ်မီလာတာကိုတွေ့ရပါတယ်။ ဒါပေမဲ့ နအဖစစ်တပ်ဟာ အရင်ကလို စစ်ရေးနဲ့အဖြေရှာတဲ့ နည်းလမ်းတစ်ခုသာမသုံးတော့ဘဲ ဗိုလ်သန်းရွှေဟာ (ကန့်သတ်ချက်နဲ့) ဒေါ်စုနဲ့ဆွေးနွေးဖို့ လက်ခံလာတယ်။ အကွက်ဆင်မှု နည်းဗျူဟာ ပြောင်းလဲလာတယ်။

လူနည်းစုက နအဖလုပ်ရှားမှုကို လက်ခံလာကြပေမဲ့၊ လူအများစုကတော့ ယုံကြည်နိုင်တဲ့လုပ်ရှားမှုမဟုတ်ဘူးဆိုပြီး သတိထားစောင့်ကြည့်နေကြတယ်။နအဖတပ်ချုပ်ဗိုလ်သန်းရွှေဟာအမျိုးသားညီလာခံနဲ့ အပစ်ရပ်အဖွဲ့တစ်ချို့ကိုနောက်ခံထားပြီး သူတို့ကိုနိုင်ငံတကာက လက်ခံ၊ ထောက်ခံလာအောင် အချိန်ဆွဲလှည့်ကွက်ပြောင်းနေတာဖြစ်တယ်လို့ အများစုကယူဆကြတယ်။

စစ်ဗိုလ်ချုပ်တွေဟာ နိုင်ငံခြားကူညီထောက်ပံ့မှုနဲ့ရင်းနှီးမြုပ်နှံမှုကို အလိုချင်ဆုံးဖြစ်ပါတယ်။ ဒီအကူအညီတွေရရင် စစ်အုပ်စုခိုင်ခိုင်မာမာရပ်တည်နိုင်မယ်။ တဆက်ထဲ ကျနော်တို့ဒီမိုကရေစီအရေးလုပ်ရှားနေသူတွေ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ အခြေခံလူ့အခွင့်အရေးတိုက်ပွဲဝင်ကြသူတွေအတွက် အလိုအလျောက် အားနည်းသွားမှာဖြစ်ပါတယ်။

ညောင်နှစ်ပင်ညီလာခံကရေးဆွဲတဲ့ လမ်းညွှန်ချက်အတိုင်း အစိုးရကိုရွေးကောက်တင်မြှောက်မယ်ဆိုရင် နိုင်ငံတကာရဲ့ထောက်ခံချက်ကိုတော့ရနိုင်မယ်။ ဒါပေမဲ့ ဝန်ကြီးတွေအားလုံးကိုနအဖစစ်အုပ်စုကပဲ ရွေးကောက်ပါလိမ့်မယ်။

နအဖစစ်အုပ်စုဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရအရေးပေးမဖြေရှင်းချင်ဘူး။ ဒါကြောင့် နိုင်ငံရေးသဘောထားကွဲလွဲသူတွေကို ရန်သူအဖြစ် သဘောထားသတ်မှတ်နေတယ်။ ဒီစိတ်ထားလုပ်ရပ်ရှိနေသေးသရွေ့ နအဖဟာ အောင်မြင်မှုရမှာမဟုတ်ပါဘူး။

ကျနော်တို့အားလုံး စည်းလုံးညီညွတ်ရမယ့်အချိန်ရောက် ပြီ။ လက်နက်မဲ့ဆန္ဒပြသူတွေနဲ့ သံဃာတော်တွေကို ယုတ်မာစွာသတ်ဖြတ်ရဲသူ လူမဆန်တဲ့နအဖစစ်သားတွေကိုတွန်းလှန်ဆန့်ကျင်ဖို့ အချိန်တန်ပါပြီ။

ဒါမှအားလုံးလိုချင်ကြတဲ့ *"ဗမာပြည်နိုင်ငံရေးပြောင်းလဲမှုနဲ့ဒီမိုကရေစီနိုင်ငံ"* အဖြစ်တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

***Jaw Wild Frontier***

**သျှမ်းသံတော်ဆင့် အယ်ဒီတာ ခင်ဗျား –**

ပြီးခဲ့တဲ့ ၂၀၀၇ ဩဂုတ်က စစ်အာဏာရှင်တို့ လောင်စာဆီဈေးတဟုန်ထိုး တိုးမြှင့်သတ်မှတ်လိုက်လို့ တတိုင်းပြည်လုံး ရဟန်းရှင်လူကျောင်းသားပြည်သူတွေဆန္ဒပြမှုဖြစ်လာကတည်းကစပြီးတနေ့တခြားဝမ်းစာရှာရခက်လာတာ မပြောလဲဘဲ လူတိုင်းသိကြပြီးသားပါ။ အဲဒီဒုက္ခတွေ ခံစားနေရတဲ့ သူတွေထဲမှာ အငှားကားမောင်းတဲ့ ကားသမားတွေရဲ့ခံစားချက်ကိုလဲ ကျေးဇူးပြု၍ နားထောင်ပေးစေချင်ပါတယ်။

ကျနော်ဟာ(သူများကားငှားပြီး)တောင်ကြီး–တာချီလိတ် ခရီးသည်တင် ပြေးဆွဲနေတဲ့ ဗင်ကားဆရာတစ်ယောက်ဖြစ်ပါတယ်။ လမ်းတစ်လျှောက်လုံး မြို့တိုင်း အဝင်/အထွက်ဂိတ်တိုင်းမှာ နအဖစစ်သားပုလိပ်သူတောင်းစားတွေကို ဂိတ်ဝင်ကြေးပေးရတယ်။ တောင်ကြီးကနေတာချီလိတ်အထိ ဂိတ်ပေါင်း ၁၀၀ နီးပါးရှိတယ်။ ရတဲ့ကားခထဲက ဆီဖိုး၊ ထမင်းဖိုး၊ ဟိုဖိုး၊ ဒီဖိုး၊ ဂိတ်အာဏာပိုင်တွေကို (မရှိတဲ့ထဲက) စွန့်ကြဲပေးကမ်းရတဲ့ အဖိုးအခအားလုံး နှုတ်လိုက်ရင် ခရီးတစ်ခေါက်အတွက်နှစ်သောင်း သုံးသောင်း လောက်ဘဲကျန်တယ်။ အုံနာကြေးထပ်နှုတ်လိုက်ရင် ကားသမားမိသားစု စားဖို့သောက်ဖို့ လောက်ရုံကလေးဘဲကျန်ပါတယ်။ အရမ်းစိတ်ဓါတ်ကျတယ်ဗျာ။ မောပန်းရတာနဲ့ လုံးဝမတန် ဘူး။

ကျနော်တို့ ကားဆရာတွေထက် ပိုကျပ်တည်းတဲ့ လက်လုပ်လက်စားတွေလဲရှိဦးမှာဘဲ။ စစ်အစိုးရမပြောင်းသေးသ၍၊ ဒီမိုကရေစီနိုင်ငံမဖြစ်သေးသ၍ ဒီလိုဘဲ ဆက်လက်ဒုက္ခခံစားနေရဦးမှာသေချာတယ်။မနက်ဖန်အတွက် စားဖို့ဘာရှိလဲ၊ဘာနဲ့စားမလဲဆိုတာနေ့တိုင်းတွေးတော၊ ပူပင်နေရပါတယ်။

**ဗင်အငှားယဉ် ဒရိုင်ဘာတစ်ဦး**

# မိုင်းဖုန်းဆရာတော်မွေးနေ့ပွဲလာ ပန်ဆန်းဒကာ/ဒကာမများ မယ်ဆိုင်နယ်ခြားဖြတ်ကျော်ခွင့်မရ



မွေးနေ့ပွဲ၌ တရားဟောစင်ပေါ်မှ မိုင်းဖုန်းဆရာတော် တရားဟောနေပုံ

၂၀၀၈ ဇန်နဝါရီ ၅ ရက်တွင်ကျရောက်သောမိုင်းဖုန်း ဆရာတော်ဦးဉာဏသံဝရ (ခူးဝါးဝန်းစုမ့်)၏ သက်တော် ၄၃ နှစ်ပြည့်မွေးနေ့ပွဲသို့ သျှမ်းပြည်၊ ကချင်ပြည်၊ ရွှေလီနယ်၊တရုတ်ပြည်ဆစ်ဆောင်ပန်းနားဘက်မှသျှမ်းများအပြင် ပလောင်(တအန်း)၊ လားဟူ၊ မုံ့လူမျိုးများ လူဦးရေသောင်းချီ လာရောက်ဖူးမျှော်လှူဒါန်းခဲ့ကြသည်။

ဆရာတော်၏ဒကာ ဒကာမများသည် ပွဲကျင်းပရာ ထိုင်းနယ်စပ် တာချီလိတ်တဘက်ကမ်း မယ်ဆိုင်မြို့အနီး ဝမ့်ဝိန်းကျောက်ရွာသို့ ၂၀၀၇ဒီဇင်ဘာလကုန်ကတည်းကရောက်ရှိကြ၏။ ဆစ်ဆောင်ပန်းနားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းမှ တိုင်းလီများ အင်အား ၇၀–၈၀ ခန့်လည်း လောနိုင်ငံမှတဆင့်မဲခေါင်မြစ်ကူးဝင်ရောက်လာကြသည်ဟုဆိုပါ သည်။

မိုင်းဖုန်းဆရာတော်၏ မွေးနေ့ပွဲကို ယခင်နှစ်က တာချီလိတ်– မယ်ဆိုင်နှင့်အနည်းငယ်ဝေးသော ကျိန်းဆဲန်မြို့နယ်၌ကျင်းပရာ လာရောက်ပူဇော်လှူဒါန်းကြသည့်ပရိတ်သတ်များ ၇သောင်း ၈ သောင်း ခန့်ရှိ၏။ စီးပွါးရေးအကျပ်အတည်းကြောင့် ယခုနှစ်မယ်ဆိုင်အနီး၌သာကျင်းပခဲ့သော်လည်း အယောက် ၃ –၄ သောင်းခန့်သာရှိသည်ဟုဆိုပါသည်။

အပစ်ဝ အထူးစစ်ဒေသ ၂၊ မိုင်းလားအထူးစစ်ဒေသ ၄ မှ ဟိုင်းလက်စ် ကား ၃–၄ စီးခန့်ဆင်းလာကြသည့် ကလေး၊ အမျိုးသမီးများနှင့် အသက်အရွယ်ကြီးရင့်သူများ ဖြစ်ကြပြီး နအဖထုတ်ပေးသော နိုင်ငံသားစီစစ်ရေးကဒ်ပြား ရှိသူ ၇–၈ ယောက်ခန့်သာရှိသည်။ အများစုမှာ ဒေသခံ အပစ်ရပ်အဖွဲ့ ထောက်ခံစာဖြင့်သာလာကြ သောကြောင့် မယ်ဆိုင်ချောင်းကူးတံတား၌ နအဖလဝကအာဏာပိုင်များ၊ စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့ **MAS** များက နယ်စပ်ဂိတ်ဖြတ်သန်းခွင့်လက်မှတ်လုပ်မပေးပဲ– *“ဆွေမျိုးတွေဆီအလည်သွားမယ်၊ဆေးဝါးကုသဖို့သွားမယ်ဆိုရင်တော့ လက်မှတ်လုပ်ပေးနိုင်မယ်။ မိုင်းဖုန်းဆရာတော် သွားဖူးမျှော်ဖို့ဆိုရင် လက်မှတ်လုံးဝလုပ်မပေးနိုင်ဘူး”* ဟုဆိုပြန်သဖြင့် တစ်ယောက် ဘတ် ၆၀၀–၇၀၀ လောက်ကုန်ကျခံ၍ မှောင်ခိုလမ်းပြများဖြင့် မယ်ဆိုင်ချောင်းဖြတ်ကူးလာကြရသည်ဟု ပွဲသို့ရောက်လာသည့် မိုင်းလားဒေသခံတစ်ဦးကပြောပြသည်။

သျှမ်းပြည်တောင်ပိုင်းမှ ဆရာတော်၏ဒကာတစ်ဦးက *“ဒီနှစ်စီးပွါးရေး အရမ်းကျပ်တည်းတယ်။ ပွဲလာချင်သူများပေမဲ့ ပိုက်ဆံမရှိကြဘူး။ ခရီးစားရိတ်အတွက်အိမ်သုံးပစ္စည်းတွေ ရောင်းချ၊ လယ်တွေ ခြံတွေ ပေါင်နှံထားကြပြီးလာကြတာတွေလဲရှိတယ်”* ဟုဆို၏။

ဆရာတော် ဦးဉာဏသံဝရ၏ မွေးနေ့ပွဲသို့ လာရောက်ပူဇော်သည့် သျှမ်းပြည်တွင်းမှသံဃာတော်တစ်ပါးက *“ဘယ်သူတွေ ဘယ်လိုတားတား ဦးဇင်းတို့တော့ခူးဝါးဝန်းစုမ့်ကို ကိုးကွယ်နေမှာဘဲ။ ဆရာတော်ဘုရားကို နအဖစစ်အစိုးရက ဘယ်လောက်ဘဲပြည်ဝင်ခွင့်ပိတ်ပင်နေပါစေ ထိုင်း၊ လောလူမျိုးတွေ ဆရာတော်ကိုသိကြတယ်။ ကိုးကွယ်ယုံကြည်ကြတယ်။ ဗုဒ္ဓဘာသာသျှမ်းတွေအတွက် ခူးဝါးဝန်းစုမ့်ဟာ International Image တစ်ဆူဖြစ်တယ်”* ဟု ပြောသည်။

ခူးဝါးဝန်းစုမ့်ခေါ် မိုင်းဖုန်းဆရာတော် ဦးဉာဏသံဝရအား ၁၉၆၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့က ထိုင်းနိုင်ငံမြောက်ပိုင်း ချိန်းရိုင်းခရိုင်၊ ကျိန်းဆဲန်မြို့နယ်နေ သျှမ်းမိဘများက ဖွားမြင်တော်မူခဲ့သည်။ ၁၀ နှစ်သားကတည်းကသင်္ဃန်းဝတ်ရှင်ပြုခဲ့ပြီးဝါတော် ၂ ဝါရလာသောအခါ ထိုင်း၊ သျှမ်း၊ လောနယ်စပ် ရွှေတြိဂံဒေသ မိုင်းဖုန်း၌ သာသနာပြုရာမှ ယခုအချိန်အထိ မိုင်းဖုန်းဆရာတော်ဟူ၍ လူသိများခဲ့သည်။ ၂၀၀၄ နှစ်လယ်က မိုင်းဖုန်းဆရာတော်အား သျှမ်းခေါင်းဆောင်များကို စည်းရုံးရေးတရားဟောခြင်း၊ ပြည်ထောင်စုမှ ခွဲထွက်ရေးတရားဟောခြင်း စသော နအဖစစ်အစိုးရ၏စွပ်စွဲမှုခံရပြီး ပြည်ဝင်ခွင့်ပိတ်ထားသဖြင့် သျှမ်းပြည်သို့မပြန်နိုင်ဘဲ ယနေ့ထက်တိုင်ထိုင်းနိုင်ငံ၌သာ သီတင်းသုံးနေထိုင်တော်မူခဲ့ရသည်။ ❑

နိုင်ငံရေး

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ် ဆိုသော်လည်း သျှမ်းခေါင်းဆောင်များ လွှတ်လမ်းမမြင်သေး

ထက်အောင်ကျော် (ဒီဗွီဘီ ၀၉၊၀၁၊၀၈)

ဒီနှစ်သစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ် ဖြစ်စေရမယ်လို့ NLD က အဆိုပြုတာကို အပြည့်အ၀ ထောက်ခံကြိုဆိုပေမဲ့ ဆွေးနွေးပွဲတွေမစခင် ပါတီခေါင်းဆောင်တွေကိုပြန်လွှတ်ဖို့ လိုအပ်ကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ကပြောကြားပါတယ်။

*"အမှန်တော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဆိုတာ ၂၀၀၉မှမဟုတ်ပါဘူး။ပြီးခဲ့တဲ့ ၁၉၉၈ ကတည်းကလုပ်ရမယ့်ကိစ္စလို့ ကျနော်ခံယူထားပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေးမလုပ်ဘဲနဲ့တော့ လက်ရှိကြုံနေရတဲ့ အခက် အခဲအားလုံးကို ဘယ်လိုမှရင်ဆိုင်ကျော်လွှားနိုင်မှာမဟုတ်ဘူး။ ဒါ့ကြောင့်အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်နိုင် မဖြစ်နိုင်ခဏထား။ လက်တွေ့ကျကျနဲ့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးကို စေတနာမှန်မှန်နဲ့စလုပ်ဖို့ လိုအပ်ပြီလို့ ကျနော်တို့ထပ်လောင်း တောင်းဆိုလိုပါတယ်။"*

ပြီးခဲ့တဲ့ လွတ်လပ်ရေးနေ့မှာ ထုတ်ပြန်တဲ့အဖွဲ့ချုပ်ရဲ့ အဆိုပြုချက်အသစ်နဲ့ပတ်သက်ပြီး SNLD ပြောခွင့်ရ စိုင်းလိတ်က အဲဒီလို ပြောကြားတာဖြစ်ပါတယ်။ SNLD ဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အမတ်နေရာ ဒုတိယအများဆုံးရခဲ့ပါတယ်။ နအဖ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်က တွေ့ဆုံဆွေးနွေးရေးကိစ္စ ဘာမှမပြောဘဲ လမ်းပြမြေပုံ ၇ ချက်အတိုင်းပဲဆက်သွားမယ်လို့ ပြောဆိုနေချိန်မျိုးမှာ ဒီအဆိုပြုချက် လက်တွေ့ဖြစ်နိုင်ချေမရှိဘူးလို့ ပြောပါတယ်။

*"အခုအနေအထားအတိုင်းဆိုရင်တော့ ဖြစ်နိုင်ချေမရှိ သေးဘူးလို့ သုံးသပ်ရမှာပဲ။ နအဖစစ်အစိုးရနေနဲ့ ဒီ့ထက်ပိုရင်ဆိုင်ကျော်လွှားရမယ့်အခက်အခဲတွေကြုံလာရင် မဖြစ်မနေလုပ်ရတော့မယ်၊မလုပ်မဖြစ်တော့ဘူးဆိုတဲ့ အနေအထားမျိုးကျရင်တော့ လုပ်ကောင်းလုပ်မယ်လို့ ကျနော်မြင်ပါတယ်။"*

အဆိုပါကိစ္စတွေဖြစ်ပေါ်လာဖို့ ပထမဆုံးနအဖဘက်က ချက်ချင်းဆောင်ရွက်ဖို့လိုတာက ကျန်းမာရေးမကောင်းဖြစ်နေကြတဲ့ SNLDဥက္ကဋ္ဌခွန်ထွန်းဦးနဲ့ရှမ်းတိုင်းရင်းသားခေါင်းဆောင်တွေကို ဆေးဝါးကုသခွင့်ပေးဖို့နဲ့ အမြန်ဆုံးလွှတ်ပေးဖို့ပဲလို့ စိုင်းလိတ်က တိုက်တွန်းပြောကြားပါတယ်။

*"နိုင်ငံရေးအကျဉ်းသားတွေလွှတ်မပေးဘဲ တွေ့ဆုံဆွေးနွေးရေးဆိုတာ တဖက်သတ်ကြီးလုပ်လို့မရဘူး။ လွှတ်ကိုလွှတ်ပေးရမှာပါ။"*

ထိန်းသိမ်းခံနေရတဲ့ သျှမ်းတိုင်းရင်းသားခေါင်းဆောင်များ အနက် ခွန်ထွန်းဦးဟာ ဇန်နဝါရီလဆန်းပိုင်းကစပြီး ပူတာအိုမြို့ရဲ့ ဆိုးရွားတဲ့ရာသီဥတုဒဏ်ကြောင့် ဆီးကျိတ်ရောင်ရောဂါပြန်ထလာလို့ အိပ်ရေးပျက်၊ အစားအသောက်ပျက်နေတယ်လို့စိုင်းလိတ်ကပြောပါတယ်။ ဦးစိုင်းလှအောင်လဲ ဆီးချိုရောဂါနဲ့ဆက်နွယ်တဲ့ နောက်ဆက်တွဲရောဂါခံစားနေရလို့ ဆေးရုံတက်ရောက်ကုသခွင့်ပေးဖို့ စာတင်ထားတယ်လို့ စိုင်းလိတ်က ပြောပါတယ်။

❑

# နှလုံးရည်တိုက်ပွဲမှာပြသတဲ့သတ္တိကို ဘယ်သတ္တိမျိုးကမှ လိုက်မမှီ



"လူတိုင်းကြောက်စိတ်ရှိပေမဲ့ ဒီကြောက်စိတ်ကို နည်းနိုင်သမျှ နည်းအောင် ထိန်းသိမ်းထားကြဖို့ ကြိုးစားရင်း မေတ္တာတရားလက်ကိုင် ထားပြီး တိုက်ပွဲဝင်ရတာမို့ နှလုံးရည်တိုက်ပွဲမှာပြသတဲ့သတ္တိကို ဘယ်သတ္တိမျိုးကမှ လိုက်မမှီဘူး။

မတရားလုပ်ပြီးဖိနှိပ်ညှဉ်းပန်းတာကို နည်းသုံးနည်းနဲ့တုန့်ပြန်နိုင်တယ်။ ပထမက မတရားလုပ်တာကိုငြိမ်ခံပြီး ရှောင်ပြေးတဲ့နည်းဖြစ်လို့ သူရဲဘောကြောင်တဲ့နည်း။ ဒုတိယနည်းကတော့ လက်နက်ကိုင်ပြီး ခံတိုက်တဲ့နည်း။ ဒီနည်းဟာငြိမ်ခံပြီး ရှောင်ပြေးတဲ့နည်းထက် ပိုကောင်းတယ်။ တတိယနည်းကတော့ အကြမ်းမဖက်ဘဲ အနုနည်းနဲ့ ရင်ဆိုင်တိုက်တာဖြစ်လို့ သတ္တိအပြောင်ဆုံးဖြစ်တယ်။"

**အိန္ဒိယအမျိုးသားခေါင်းဆောင် မဟတ္တမဂန္ဒီ**

## လူ့အခွင့်အရေး

# ထောင်ကျသျှမ်းခေါင်းဆောင်များ ကျန်းမာရေးဆိုးရွား စိုးရိမ်ရသည့်အခြေအနေရှိ

မြန်မာနိုင်ငံ အကျဉ်းထောင်ထဲမှာ တသက်တကျွန်းထက် ရှည်ကြာမြင့်စွာ ထောင်ဒဏ်အသီးသီး ချမှတ်ထားခြင်းခံရတဲ့သျှမ်းခေါင်းဆောင်တွေရဲ့ ကျန်းမာရေးအခြေအနေ ယိုယွင်းနေကြပါတယ်။အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့ဦးခွန်ထွန်းဦးဟာနယ်စွန်နယ်ဖျားအကျဉ်းထောင်ထဲမှာကျန်းမာရေးစောင့်ရှောက်မှု ကောင်းကောင်းမွန်မွန်မရှိတဲ့အတွက် စိုးရိမ်တဲ့အခြေအနေ ဖြစ်နေပါတယ်။

နယ်မြို့တွေက အကျဉ်းထောင်အသီးသီးမှာ နှစ်ရှည်ထောင်ဒဏ်တွေကျခံနေရတဲ့ သျှမ်းခေါင်းဆောင်တွေရဲ့ ကျန်းမာရေးအခြေအနေဆိုးဝါးလာမှုကို မိသားစုဝင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေက ပြောကြတာပါ။ ၁၉၉၀ပြည့်ရွေးကောက်ပွဲကာလကဒုတိယမဲအများဆုံးနဲ့ အနိုင်ရခဲ့တဲ့ သျှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ခွန်ထွန်းဦး အပါအဝင် ထိန်းသိမ်းခံသျှမ်းခေါင်းဆောင်တွေရဲ့ ထောင်တွင်းအခြေအနေနဲ့ပတ်သက်လို့ SNLD ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က အခုလိုပြောပြပါတယ်။

"ပူတာအိုထောင်မှာ ၉၃ နှစ်ကျနေတဲ့ ဦးခွန်ထွန်းဦး နဂိုကအဆစ်အမြစ်ရောင်ရောဂါနဲ့ ဆီးကျိတ်ရောဂါရှိတယ်။ ဇန္နဝါရီလဆန်းပိုင်းမှာ အအေးဒီဂရီက သုညအောက်ရောက်လာတော့ ညပိုင်းဆိုအိပ်မရဘူး။ ဆီးကျိတ်ယောင်တဲ့ရောဂါထလာတော့ ဆီးခဏခဏ သွားတယ်။ ၁၀ ကြိမ်ကနေ ၁၁ ကြိမ် ၁၃ လောက် သွားနေရတယ်ဆိုတော့ အိပ်ရေးပျက်တယ်။ အိပ်ရေးပျက်ဖန်များတော့ အစားသောက်လည်း ပျက်လာတယ်။ အဲဒါကြောင့် ဆေးဝါးကုသမှုလိုအပ်တယ်လို့ မိသားစုအသိုင်းအဝိုင်းက ပြောပြတယ်။

စိုင်းမျိုးဝင်းထွန်းနဲ့ စိုင်းညီညီမိုး ၊ သွေးဝမ်းသွားတဲ့ရောဂါက နှစ်ယောက်လုံးမှာ ရှိတယ်။ တယောက်ကသလိပ်ရောဂါ၊ တယောက်က သွေးဝမ်းသွားလေ့သွားထရှိတယ်။

ကျောက်ဖြူထောင်မှာရှိတဲ့ ထောင်ဒဏ် ၇၉ နှစ်ကျခံနေတဲ့ ဦးစိုင်းလှအောင်က နဂိုက သွေးချို၊ ဆီးချို၊ သွေးတိုးရောဂါရှိတယ်။ ထောင်ထဲမရောက်ခင် ပြီးခဲ့တဲ့ ၁၀ နှစ်ကျော်ကဆိုရင် တိုင်းရှက်ကလေင်းကနေ ဟိုမုန်းထုတ်လွှင့်မှုများလွန်းတဲ့ ရောဂါခံစားရဖူးတယ်။ အခုအချိန်မှာ ဆီးချိုရော၊ ဟိုမုန်းထုတ်မှုများတဲ့ရောဂါရော နှစ်မျိုးစလုံးခံစားနေရတယ်။ခြေသီးခြေးပေါက်ကျတယ်။ ညညဆိုအိပ်လို့မရဘူး။ မောပမ်းတယ်။ အစားအသောက်တွေပျက်လာတယ်"

"မိသားစုကကျွမ်းကျင်တဲ့ ဆရာဝန်ကြီးများနဲ့ တိုင်ပင်ပြီးတော့ ဟော်မုန်းထုတ်လုပ်မှုများတဲ့ရောဂါနဲ့ဆီးချိုတပြိုင်ထဲကုဖို့ အဆင်မပြေဘူး။ အပြင်ဆေးခန်းမှာ သို့မဟုတ်ဆေးရုံမှာ သွေးတိုင်းသွေးစစ်ပြီးတော့မှ သေချာကုသမှ အဆင်ပြေမယ်။ နို့မို့ဆိုရင် အသက်အန္တရာယ်ထိခိုက်နိုင်တယ်လို့ ဆရာဝန်တွေကသတိပေးတယ်။ ဒါကြောင့်မိသားစုတွေက ပြီးခဲ့တဲ့ဒီဇင်ဘာ ၁၉ ရက်မှာ သက်ဆိုင်ရာ ထောင်အာဏာပိုင်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို တင်တယ်။ ဦးစိုင်းလှအောင်ကို ထောင်ပြောင်းခွင့်တောင်းတယ်။ ရန်ကုန်ဆေးရုံကြီးမှာဖြစ်ဖြစ် အပြင်ဆေးခန်းမှာဖြစ်ဖြစ် တက်ရောက်ကုသခွင့်ပြုပါလို့ စာတင်ထားလိုက်တယ်။ အဲကိစ္စကရက် ၂၀ နီးပါးကြာခဲ့ပေမဲ့ အခုထက်ထိတစုံတရာ အကြောင်းပြန်ကြားခြင်းမရှိသေးဘူး။ နောက် ဘူးသီးတောင်ထောင်က ဦးထွန်းညို



ကလဲ ပြီးခဲ့တဲ့ ၄–၅–၆ လကစပြီးတော့မှ ကိုယ်အောက်ပိုင်း ဘယ်ဘက်တခြမ်း တရွတ်တိုက်ဆွဲချင်သလိုဖြစ်လာတယ်။ ကြာကြာရပ်လို့မရဘူး။ အစားအသောက်ပျက်တဲ့ အနေအထားလဲရှိတယ်။ ပြီးတော့နေရတာကျဉ်းကြပ်တာလဲပါမှာပေါ့။ အဲဒါကြောင့်မို့ သူ့ကိုလဲဘဲ အစားအသောက်တွေနဲ့ ဆေးဝါးကုသမှု အရေးတကြီးလိုအပ်နေတယ်။ လူကနွမ်းချိပြီးတော့မှ တဖြည်းဖြည်းနွမ်းပါးသွားမှာကို စိုးရိမ်နေရတယ်။"

အခုကျန်းမာရေးအခြေအနေတွေ ယိုယွင်းလာသူတွေ အပါအဝင် သျှမ်းခေါင်းဆောင် ၈ ဦးကို ၂၀၀၃ ခုနှစ်ပြည်ထောင်စုနေ့ အကြိုကာလမှာဖမ်းဆီးခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာ အမျိုးသားညီလာခံ ဆန့်ကျင်မှုအပါအဝင် စွဲချက်အများအပြားနဲ့ ထောင်ဒဏ်အများဆုံး နှစ်တရာအထိ အပြစ်ပေးခံခဲ့သူတွေဖြစ်ပါတယ်။ ဒီထဲက ခေါင်းဆောင်တဦးဖြစ်တဲ့ ဆရာဦးစိုင်းမြင့်သန်းက သံတွဲထောင်တွင်းမှာ ၂၀၀၆ ခုနှစ်ကဘဲ သေဆုံးခဲ့ပါတယ်။

VOA 08/01/08

# လူကောင်းရွေးချယ် လူမိုက်ဘေးဖယ်

“ ในบ้านเมืองมีทั้งคนดีและคนไม่ดี ไม่มีใครจะทำให้ทุกคนเป็นคนดีได้ทั้งหมด การทำให้บ้านเมืองมีความปกติสุขเรียบร้อย จึงมิใช่การทำให้ทุกคนเป็นคนดี หากแต่อยู่ที่การส่งเสริมคนดี ให้คนดีได้ปกครองบ้านเมือง และควบคุมคนไม่ดีไม่ให้มีอำนาจ ไม่ให้ก่อความเดือดร้อนวุ่นวายได้ ”

พระบรมราโชวาทใน
พระบาทสมเด็จพระเจ้าอยู่หัว

တိုင်းပြည်အတွင်းမှာ ကောင်းတဲ့လူရော မကောင်းတဲ့လူရော ရှိကြတယ်၊ လူအားလုံးကို လူကောင်းချည်းဖြစ်အောင် ဘယ်သူမှ မလုပ်နိုင်ဘူး။ တိုင်းပြည်သုခချမ်းသာ အေးငြိမ်း ငြိမ်ဝပ်ရလေအောင် လုပ်တယ်ဆိုတာ လူတိုင်း လူကောင်းဖြစ်အောင်လုပ်ဖို့မဟုတ်ဘူး။ အဓိက ကျတာက လူကောင်းကို မြှင့်တင်ချီးမြှောက်ပြီး လူကောင်းတွေ တိုင်းပြည်အုပ်ချုပ်ရလေအောင် ထောက်ခံအားပေးဖို့ဖြစ်တယ်။ မကောင်းတဲ့လူတွေ အာဏာရမလာအောင် ထိန်းကွပ်ထားဖို့ဖြစ်ပြီး ၎င်းတို့ တိုင်းပြည်အပေါ် ပူပင်သောက ရှုပ်ယှက်မှု မလုပ်နိုင်အောင် ကာကွယ်တားဆီးကြရမယ်။

ထိုင်းဘုရင်မင်းမြတ် ဘူမိဗလ၏ ရာဇောဝါဒမှ
ကောက်နုတ်ဘာသာပြန်ထားသည်

# KIA တပ်အင်အားစုဆောင်း



“ KIA ဗဟိုလူကြီးတွေနဲ့ရော NDA-K ဥက္ကဋ္ဌရော နအဖညောင်နှစ်ပင် အခြေခံဥပဒေနဲ့ပတ်သက်ပြီး အမေးအဖြေလုပ်ဖူးတဲ့ အတွေ့အကြုံ ကျနော်ရှိပါတယ်။ အဲဒီအခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးအတွက် ထည့်စဉ်းစားပေးဖို့ တစုံတရာဘာမှမရှိဘူးဆိုရင် သူတို့အနေနဲ့လက်နက်ချဖို့အကြောင်းမရှိဘူး။ အပစ်ရပ်အဖွဲ့တွေအားလုံးကလဲ အခုရေးဆွဲနေတဲ့ အခြေခံဥပဒေရလာဒ်အပေါ် စောင့်ကြည့်နေတယ်။ နောက်တချက်က ဘာဘဲပြောပြော ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှာလူအင်အားတွေစုစည်းတာအများကြီးလုပ်နေတယ်။အထူးသဖြင့် KIA ဗဟိုဌာနချုပ်မှာစစ်အင်အားတွေ စုစည်းနေတာတွေရှိတယ်။ အဲဒီဟာကိုကြည့်ခြင်းအားဖြင့် သူတို့အနေနဲ့ စစ်ရေးအရတစုံတရာ ပြင်ဆင်ထားတယ်ဆိုတာသိရပါ တယ်။ ဒီ ၂၀၀၈ ထဲမှာဒီသတင်းတွေနဲ့ပတ်သက်ပြီးအများကြီးရေးဖို့ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။”

**နော်ဒင်** KNG ကချင်သတင်းအယ်ဒီတာ (VOA 02/01/08)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ပါလီမန်အမတ်) များ၏ တာဝန်ဝတ္တရား



၁ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွါးအတွက် ဥပဒေပြုခြင်း၊ ပြဌာန်းခြင်း။
၂ နိုင်ငံတော်၏ ဝန်ကြီးချုပ်ရာထူးထမ်းဆောင်မည့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်တင်မြှောက်ခြင်း
၃ အစိုးရ၏စီမံခန့်ခွဲမှုကို ထိန်းချုပ်ခြင်း
၄ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဘဏ္ဍာကို ပါဝင်ဆုံးဖြတ်ခွင့်ပြုခြင်း
၅ ပြည်သူလူထု၏ ပူပင်သောကရောက်မှုပြဿနာနှင့် လိုအင်ဆန္ဒအတွက် အစိုးရသို့အစီရင်ခံစာတင်ပြခြင်း

၂၃/၁၂/၂၀၀၇
ထိုင်းနိုင်ငံရွေးကောက်ပွဲ ဦးတည်ချက်မှ

# ဗျူဟာမှူးကျင်းပခိုင်းသော သျှမ်းနှစ်သစ်ကူးပွဲတော်

## သီချင်းဆိုသူ အဖမ်းခံရ

သျှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင် မိုင်းရယ်မြို့နယ်၌ဗျူဟာမှူး အမိန့်ဖြင့် ဇန္နဝါရီ ၁ – ၄ ရက်အထိကျင်းပသော သျှမ်းနှစ်ကူးပွဲတော် အပြီး အသက် ၂၄ နှစ်အရွယ် ဒေသခံ သျှမ်းအဆိုရှင်တစ်ဦး ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည်ဟု သျှမ်းပြည်မြောက်ပိုင်းသတင်း ရပ်ကွက်က ဆိုပါသည်။

မိုင်းရယ်အခြေစိုက် နအဖစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကြည်မြင့် သည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်၌ ကျရောက်သော ၂၁၀၂ ခုနှစ်သျှမ်းနှစ် ကူးအထိမ်းအမှတ်ပွဲတော်ကို ဇန္နဝါရီလ ၃ ရက်၌ ကျင်းပခိုင်းရာပွဲကျင်းပစဉ် ကွယ်လွန်သူတေးရေးဆရာ စိုင်းမူးစပ်ဆိုခဲ့သော သျှမ်းလွတ်မြောက်မည့်နေ့ (ဝမ်းတိုင်းပောင်းတေလွက်လျောဝ်) တေးသီချင်းကို မိုင်းရယ်ဒေသခံ စိုင်းမောင်ထွန်း ( ၂၄ နှစ်) ကသီဆိုခဲ့သည်။ ပွဲကျင်းပပြီး ၃ ရက်အကြာ ဇန္နဝါရီလ ၇ ရက်နေ့၌ နိုင်ငံရေးနှင့် ပတ်သက်သောသီချင်းသီဆိုမှုကြောင့်ဟုဆိုကာ ဗျူဟာမှူး၏အမိန့်ဖြင့် မိုင်းရယ်ရဲများက စိုင်းမောင်ထွန်း၏ နေအိမ်အထိ သွားရောက်ဖမ်းဆီးခဲ့သည်ဟု မိုင်းရယ်ဒေသခံတစ်ဦးဆိုပါသည်။

*“ဒီလူငယ်က ဘယ်နိုင်ငံရေးအဖွဲ့အစည်းမှာမှလဲမပါဘူး။ သူ့အိမ်အလုပ်ဘဲ သူလုပ်တယ်။ သူ့အမေ ထိုဖူးခေါက်ဆွဲရောင်းတာကူပေးတယ်။ သျှမ်းသီချင်းလေးဆိုတာတောင် အဖမ်းခံရတယ်။ အခုထိ ပြန်မလွတ်သေးဘူး”* ဟု ၄င်းကဆိုပါ သည်။

လားရှိုးမြို့မှ အရှေ့တောင်ဘက်မိုင် ၅၀ ခန့်အကွာရှိ မိုင်းရယ်တွင်သျှမ်းစာပေယဉ်ကျေးမှုကော်မတီအဖွဲ့ ရံပုံငွေမလုံလောက်မှုကြောင့် ၂၁၀၂ ခုနှစ် သျှမ်းနှစ်သစ်ကူးပွဲမကျင်းပတော့ဟု ယခင်က တည်းက အဖွဲ့အစည်းမှဆုံးဖြတ်ထားသော်လည်း မိုင်းရယ်အခြေချ ဗျူဟာမှူးက ပွဲကျင်းပခိုင်းသဖြင့် မိုင်းရယ် သျှမ်းစာပေယဉ်ကျေးမှုအသင်းက အလှူငွေထွက်ကောက်ပြီး ၁၀၊၁၂၊၂၀၀၇ က ကျရောက်သည့် နှစ်သစ်ကူးနေ့ကို ဇန္နဝါရီ ၁ ရက်နေ့ကျမှ ပွဲစတင်ကျင်းပခဲ့သည်။

*“သျှမ်းနှစ်သစ်ကူးပွဲသာပြောတယ်။ ၂ ရက်နေ့မှာနှစ်သစ်ကူးပွဲနဲ့ အတူပညာရေးစုံညီပွဲတော် ဆိုင်းဘုတ်တင်တယ်။ ၄ ရက်နေ့မှာလွတ်လပ်ရေးနေ့ အခမ်းအနားဆိုပြီးနှစ်သစ်ကူးပွဲနဲ့ အတူလုပ်ခိုင်းတယ်။ ၃ ရက်နဲ့ ၄ ရက်နေ့ည နှစ်ညမှာဘဲပွဲကျင်းပရတယ်။* ***Life Band*** *တီးဝိုင်းအဖွဲ့ ငှားပြီး သျှမ်းတေးသီချင်းအဆိုရှင် ထဲန့်လျောဝ်၊ နန်းစံမွမ်း၊ စွမ်မိန်းဟန်နဲ့ ယိင်းဇွမ်ဖွေးတို့ ဖျော်ဖြေခိုင်းတယ်”* ဟုအဆိုပါ မိုင်းရယ်ဒေသခံက ပြောပြသည်။

စိုင်းမောင်ထွန်းအဖမ်းခံရပြီးနောက် ကျန်အဆိုရှင် ၄ ယောက်အားလည်း လိုက်လံစုံစမ်းဖမ်းဆီးရန် အမိန့်ထုတ်ပြန်သဖြင့် မိုင်းရယ် သျှမ်းစာပေယဉ်ကျေးမှုဥက္ကဋ္ဌ စိုင်းမြမောင်ကိုယ်တိုင် ဗျူဟာမှူးအား သွားတောင်းပန်ရသည်ဟု ဆိုပါသည်။

အလားတူ ယခင်နှစ်ကလဲ လားရှိုးရမခစစ်တိုင်းမှူးသည် သျှမ်းပြည်နှစ်သစ်ကူးပွဲဖြစ်မြောက်ရေးကော်မတီများအား ပွဲကျင်းပရန်ခွင့်ပေးသည့်အပြင် မီးထွန်းရန်ဒီဇယ်ပါထုတ်ပေးခဲ့သည်။ သို့သော် ပွဲကျင်းပပြီးနောက်တရက် တိုင်းမှူးအမိန့်ဖြင့် အဆိုတော် စိုင်းဖေါင့်မ်ဆိုင်မိန်း အပါအဝင်ကော်မတီဝင်တချို့ကို ၃ ရက်ခန့် ဖမ်းဆီးချုပ်နှောင်ခဲ့သည်။

# တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို စစ်အစိုးရပိတ်ပင်

မွန်၊ ရှမ်း၊ ကရင် စတဲ့ တိုင်းရင်းသားစာပေယဉ်ကျေးမှုတချို့ အခုနှစ်အတွက် အသင်းအဖွဲ့မှတ်ပုံတင်သက်တမ်းတိုးဖို့ လျှောက်ထားခဲ့တာကို အာဏာပိုင်တွေကခွင့်မပြုခဲ့တာလို့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့နီးစပ်သူတွေက ပြောဆိုနေကြပါတယ်။

အပစ်ရပ် မွန်ပြည်သစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် နိုင်အောင်မငေးကအခုလိုပြောပါတယ်။

“မွန်စာပေ၊ယဉ်ကျေးမှုအသင်းက ၁၉၉၀ ကစပြီးအသစ်ပြန်ဖွဲ့စည်းလိုက်တယ်။ စာပေယဉ်ကျေးမှုကော်မတီမော်လမြိုင်မြို့၊ဘားအံမြို့၊ ကျိုက်မရောမြို့ဆိုပြီးတော့ အသီးသီးဖွဲ့ထားကြတယ်။ အသင်းအဖွဲ့ရဲ့ သက်တမ်းကိုတစ်နှစ်တခါတိုးလို့ရမယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ဇွန်လကစပြီး သက်တမ်းတိုးခွင့်မပြုတော့ဘူး။ ရှမ်းအမျိုးသား စာပေယဉ်ကျေးမှုအဖွဲ့တွေရော၊ ကရင်အမျိုးသားစာပေယဉ်ကျေးမှုအဖွဲ့တွေရော ကျနော်တို့နည်းတူဘဲ သက်တမ်းတိုးခွင့်မပြုဘူးလို့ ကြားသိပါတယ်။ဘယ်လိုအကြောင်းကြောင့်လဲတော့မသိဘူး”

“ပြည်နယ်အတွင်းက မြို့နယ်အသီးသီးရဲ့ စာပေယဉ်ကျေးမှုအသင်းတွေဟာ ဥပမာပြက္ခဒိန်ထုတ်တာတို့ စာပေလှုပ်ရှားမှုလုပ်တာတို့ရှိတယ်။ နှစ်သစ်ကူးမှာ လူကြီးတွေခေါင်းဆေးမင်္ဂလာပြုတာတို့ ဘာတို့တော့လုပ်တယ်။ တခြားကိစ္စ ထူးထူးထွေထွေလုပ်တာမရှိပါဘူး။

မြို့နယ်အသီးသီးမှာဖွဲ့ထားတဲ့ စာပေယဉ်ကျေးမှုအဖွဲ့အစည်းအသီးသီးရှိတယ်။ စစ်အစိုးရသတ်မှတ်ထားတဲ့ အဖွဲ့အစည်းမဟုတ်ဘူး။ သူတို့အချင်းချင်း ရွေးကောက်ထားတဲ့အဖွဲ့အစည်းဖြစ်တယ်။ဒီအဖွဲ့အစည်းတွေ သူတို့မြို့နယ်အမျိုးသားနေ့လှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်မှုလုပ်တာပါ။ အဓိကတော့ အစိုးရဖွင့်တဲ့ စာပေယဉ်ကျေးမှုလုပ်ငန်းတော့မဟုတ်ပါဘူး”

တိုင်းရင်းသားအဖွဲ့တွေရဲ့ လုပ်ငန်းဆောင်တာတွေ လုပ်ဆောင်

စာမျက်နှာ ၂၈ သို့

# အပစ်ရပ် ရလလဖ အား နအဖ လက်နက်ချခိုင်း

ရလလဖ လို့ခေါ်တဲ့ သျှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ကို လက်နက်ချဖို့ စစ်အစိုးရကဖိအားတွေပေးနေပါတယ်။ နအဖနဲ့ သင့်မြတ်မှုရှိတဲ့ PNO ပအိုဝ်းအဖွဲ့ကလဲ ခြိမ်းခြောက်နေတယ်လို့ဆိုပါတယ်။

ရလလဖ အဖွဲ့ဟာ ဗမာစစ်အစိုးရနဲ့ ၁၉၉၄ ကအပစ်ရပ်ထားတဲ့အဖွဲ့ဖြစ်ပြီး လွန်ခဲ့တဲ့ ဇွန်လအတွင်းမှာ သုံးခြမ်းကွဲသွားခဲ့ရပါတယ်။ ဒုဥက္ကဋ္ဌ ခွန်တိဆောင် ခေါင်းဆောင်တဲ့ အင်အား ၁၀၀ ကျော်က တောပြန်ခိုခဲ့ပြီး ဥက္ကဋ္ဌဖြစ်သူ ခွန်ချစ်မောင်အဖွဲ့က ဗမာအစိုးရဆီမှာ အပြီးအပိုင် လက်နက်ချခဲ့တယ်။ နာယကကြီး ဦးတာကလယ်နဲ့အဖွဲ့ကတော့ ဆီဆိုင်မြို့နယ် နောင်ထောဝ်မှာ အပစ်ရပ်ရလလဖအဖြစ် ကျန်ရှိနေခဲ့ပါတယ်။ အခုနယကကြီး တာကလယ်ခေါင်းဆောင်တဲ့အဖွဲ့ဟာ လက်နက်ချဖို့ဖိအားပေးခံနေရတယ်လို့ အမည်မဖော်လိုတဲ့ ရလလဖ အဖွဲ့နဲ့ နီးစပ်တဲ့သူတဦးကပြောပါတယ်။ ဒီဇင်ဘာ ၁၇ ရက်က ရလလဖ အဖွဲ့ ဗိုလ်မှူးရဲနိုင်နဲ့ ရဲဘော် ၈ ယောက် မူးယစ်ဆေးဝါးမှုနဲ့ ဖမ်းဆီးထားပြီးတဲ့နောက်မှာ အခုလိုစတင်ဖိအားပေးလာခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ နိုဝင်ဘာလအတွင်းက ဆီဆိုင်မြို့နယ်မှာဘိန်းဖြူဘိန်းစိမ်း ၃ တန်လောက်ဖမ်းဆီးရတဲ့သတင်းကို ရလလဖအဖွဲ့ကပြည်ပသတင်းဌာနတွေကိုပေးခဲ့တယ်လို့ ဗမာစစ်အာဏာပိုင်တွေကယူဆပြီး အခုလိုဖိအားပေးလာတယ်လို့ ရလလဖနဲ့နီးစပ်သူကသုံးသပ်ပါတယ်။ ဒီသတင်းကို ရလလဖ ကနေခွဲထွက်ပြီး တောပြန်ခိုလာတဲ့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ PNLO တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးအောင်ကျော်က အခုလိုပြောပါတယ်။

"လက်နက်ချဖို့ ဖိအားပေးလာတယ်လို့ကြားတယ်။ ဒီကြားထဲမှာ ၂ ရက်နေ့က ဆီဆိုင် စကခ ၇ ကဗျူဟာမှူးဗိုလ်မှူးကြီးမျိုးမြင့်ကနေ ရလလဖ ဦးစိန်ရွှေကိုခေါ်ပြီး လက်နက်အပ်ဖို့ ဆွေးနွေးခဲ့တယ်လို့သိရတယ်။ ရလလဖ ကလက်နက်မအပ်ဘူးဆိုရင် တိုက်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ အဲဒီပတ်ဝန်းကျင်မှာ နအဖတပ်တွေနေရာချထားတယ်။"

ဒီဇင်ဘာ ၂၅ ရက်နေ့က ဦးအောင်ခမ်းထီခေါင်းဆောင်တဲ့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က ရလလဖအဖွဲ့ကို သူတို့ရဲ့အမှတ် ၅ တပ်ရင်းအဖြစ် ပူးပေါင်းဖို့ ဒါမှမဟုတ်ရင်လက်နက်ချဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီတောင်းဆိုချက်ကို နှစ်ပတ်အတွင်း အကြောင်းမပြန်ရင် PNO ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က ဗမာစစ်တပ်နဲ့ပူးပေါင်းပြီး ရလလဖကို တိုက်မယ်ဆိုတဲ့သတင်းတွေလဲ ဖြစ်ပေါ်နေပါတယ်။ အရင်က ပအိုဝ်းဖြူလို့လူသိများတဲ့ ဦးအောင်ခမ်းထီ ဦးဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ ပအိုဝ်းနယ်မြေအနောက်ပိုင်းကိုထိန်းချုပ်ထားပြီး ပအိုဝ်းနီလို့ခေါ်တဲ့ ရလလဖအဖွဲ့ကတော့ အရှေ့ဘက်ခြမ်းကိုထိန်းချုပ်ထားပါတယ်။ ဦးအောင်ခမ်းထီ ဦးဆောင်တဲ့အဖွဲ့ဟာ ပအိုဝ်းဒေသ တခုလုံးကိုထိန်းချုပ်နိုင်ဖို့ နအဖက ထောက်ခံမှုတွေပေးထားတယ်လို့ သျှမ်းပြည်နိုင်ငံရေးလေ့လာသူတဦးကပြောပါတယ်။ အခြားတဘက်မှာလဲရလလဖကနေခွဲထွက်ပြီး လက်နက်ချတဲ့ ဥက္ကဋ္ဌဟောင်းခွန်ချစ်မောင်အဖွဲ့ဟာ နအဖနဲ့ ပူးပေါင်းပြီး ရလလဖ ဌာနချုပ်ကိုဆန့်ကျင်နေတယ်လို့ဆိုပါတယ်။ အခုအခါမှာ ဖမ်းဆီးခံထားရတဲ့ ဗိုလ်မှူးရဲနိုင်နဲ့အဖွဲ့ကို တောင်ကြီးမှာ ထိန်းသိမ်းထားတယ်လို့ဆိုပါတယ်။ ရလလဖဘက်ကတော့ ၁၉၉၄ မှာ အပစ်ရပ်သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းထားပြီးဒေသတွင်းငြိမ်းချမ်းရေးနဲ့ တိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်လိုတဲ့သဘောထားရှိပါတယ်။

**VOA** 08/01/08



ဗိုလ်မှူးကြီး ခွန်သူရိန်



ခွန်တိဆောင်



ဗိုလ်မှူးကြီး အောင်ကျော်

ယဉ်ကျေးမှု

# စန္ဒာမင်းသမီး သျှမ်းပြည်အောက်မေ့သတိရခြင်းစာအုပ် ရေးသားထုတ်ဝေ




မြန်မာနိုင်ငံ၏ ပထမဦးဆုံးသမ္မတ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏ သမီးတော်ကြီး စဝ်စန္ဒာစင်းမ်သည် The Moon Princess : The Memories of The Shan State အမည်ရှိ စာအုပ်တစ်အုပ် ရေးသားထုတ်ဝေကာ ပြီးခဲ့သည့် ဒီဇင်ဘာလ ၈–၉ ရက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ကျင်းပသော သျှမ်းနှစ်သစ်ကူးပွဲ၌ တစ်အုပ်16.95 ပေါင်ဖြင့် ရောင်းချဖြန့်ချိကြောင်း လန်ဒန်ရောက် သျှမ်းလူငယ်တစ်ဦးက ပြောပြသည်။

စန္ဒာမင်းသမီး သျှမ်းပြည်ကိုအောက်မေ့ သတိရခြင်းဟု အဓိပ္ပါယ်ရသော စာမျက်နှာ ၃၂၀ ပါ စာအုပ်မှာ စဝ်စန္ဒာ၏ငယ်ဘဝ ကိုယ်တွေ့ဖြစ်ရပ်များအကြောင်း အသားပေးရေးသားထားသည်ဟု ဆိုပါသည်။

သူမငယ်စဉ် အင်္ဂလိပ်အုပ်ချုပ်ရေးကာလ၊ ဂျပန်စစ်တပ် ဝင်ရောက်ချိန်၊ ၁၉၄၇ သျှမ်းစော်ဘွားများ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပူးပေါင်း လွတ်လပ်ရေးယူစဉ်ကာလအခြေအနေ၊ ဖခင်ဖြစ်သူ စဝ်ရွှေသိုက်မှ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသမ္မတရာထူးလက်ခံခဲ့ပုံ၊ ၁၉၅၉ သျှမ်းပြည်စော်ဘွားများ အာဏာစွန့်လွှတ်ခြင်း၊ ၁၉၆၂ ဗိုလ်နေဝင်းနှင့် စစ်အုပ်စု အာဏာသိမ်းခြင်းနှင့် ၁၉၆၄ မယ်တော် စဝ်နန်းဟိန်းခမ်းဦးဆောင်၍ သျှမ်းပြည်တပ်မတော် SSA ဖွဲ့စည်းတည်ထောင်ပုံအပါအဝင် ဗိုလ်နေဝင်းစစ်အုပ်စုခေတ်မှ ယနေ့နအဖခေတ်အထိ သျှမ်းပြည်သူလူထု အပေါ် အနိုင်ကျင့်၊ ဖိနှိပ်မှုများအကြောင်း အပြည့်အစုံရေးသားထားသည်ဟု ဆိုပါသည်။

စန္ဒာမင်းသမီးသည် သျှမ်းပြည်တောင်ပိုင်း ညောင်ရွှေဟော်နန်းတွင်ကြီးပြင်းခဲ့သည်။ ရန်ကုန် Methodist School ၌ ကျောင်းတက်ပြီး ၁၉၄၇ နောက်ပိုင်း ပညာဆက်လက်သင်ယူရန် အင်္ဂလန်နိုင်ငံသို့ ထွက်ခွါသွားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ Cambridge University ၌ Anthropology ဘာသာရပ်ဂုဏ်ထူးဘွဲ့နှင့် မဟာဝိဇ္ဇာဘွဲ့အသီးသီးရရှိခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ၊လောနိုင်ငံတို့၌ ကျောင်းဆရာနှင့် သတင်းထောက်အလုပ် သွားရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၆ မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး BBS ( Burma Broadcasting Service) ဗမာ့အသံလွှင့်ဌာန၌ ၄ နှစ်တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်းဦးဆောင်သော စစ်တပ်မှ အာဏာသိမ်းယူပြီးနောက် ခင်ပွန်းဖြစ်သူ အမေရိကန်လူမျိုးပီတာဆင်းမ်နှင့်အတူ ဗမာပြည်မှ ထွက်ခွါကာ အင်္ဂလန်နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဟောင်ကောင်၊ အိုမန်၊ ပြင်သစ်နိုင်ငံတို့၌ သွားရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ အလုပ်မှ အနားယူပြီးနောက် ခင်ပွန်းဖြစ်သူနှင့်အတူ စာပေများရေးသားထုတ်ဝေခဲ့သည်။ လာမည့် ဇွန်လတွင် အသက် ၈၀ ပြည့်တော့မည့် စဝ်စန္ဒာစင်းမ်သည် သူမ၏ခင်ပွန်း ပီတာစင်းမ်နှင့်အတူ The Kingdom of Laos စာအုပ်ကို မကြာသေးခင်ကပင် ရေးသားထုတ်ဝေခဲ့သည်ဟုသိရသည်။ ❑

စာမျက်နှာ ၂၆ မှ

ရာမှာ အကန့်အသတ်တွေရှိနေရုံသာမက ကျန်အခွင့်အရေးဆုံးရှုံးမှုတွေလဲရှိနေတာကြောင့် တိုင်းရင်းသားတွေအနေနဲ့ ခံပြင်းမှုတွေရှိတယ်လို့ နိုင်အောင်မငေးကဆိုပါတယ်။

“ ကျနော်တို့အနေနဲ့ သက်တမ်းတိုးခွင့်မပြုတဲ့ကိစ္စအတွက် ခံစားမှုတွေအများကြီးရှိပါတယ်။ အမျိုးသားရေးနဲ့ ပတ်သက်တဲ့ခံစားမှုပါ။ ဥပမာ မော်လမြိုင်တံတားထိပ်မှာရှိတဲ့ မွန်အမျိုးသားရဲ့ ပြယုဂ်တစ်ခုဖြစ်တဲ့ ဟင်္သာရုပ်ပုံတံတားပြီးကတည်းက ဆောက်ထားတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၃ လလောက်မှာ အဲဒီဟင်္သာရုပ်အစား ဆွမ်းအုပ်ကိုထည့်လိုက်တယ်။ ဒါက ကျနော်တို့ရဲ့ အမျိုးသားပြယုဂ်၊ ပြည်နယ်ပြယုဂ်အနေနဲ့ ဒီလိုဖြုတ်လိုက်တာဟာ ကျနော်တို့အဖို့စိတ်မကောင်းစရာ။ မွန်အမျိုးသားယဉ်ကျေးမှုပြတိုက်ဆိုတာ မော်လမြိုင်မှာရှေးကတည်းက ရှိခဲ့တယ်။ ဒီပြတိုက်လဲ အခု မွန်အမျိုးသားဆိုတဲ့နာမည်မထဲ့ဘဲ ယဉ်ကျေးမှုပြတိုက်ဆိုပြီး နာမည်ပြောင်းလိုက်တော့ ကျနော်တို့အနေနဲ့ အဲဒီကအစ အများကြီးခံပြင်းစရာရှိတယ်။ နောက်တော့ ကျနော်တို့ စာပေကိုလွတ်လွတ်လပ်လပ်သင်ကြားခွင့်မပြုဘူး၊ အားလည်းမပေးဘူး။ နောက်ရက်ထူးရက်မြတ်တွေ ဥပမာအမျိုးသားနေ့လိုမျိုးလွတ်လွတ်လပ်လပ်လုပ်ခွင့်မပေးဘူး။ ကျင်းပခွင့်မပေးဘူး။ ဒါဟာကျနော်တို့ အမျိုးသားကို တစ်မျိုးမျိုးအနေနဲ့ ထိမ်ချန်ဖို့ထားတာလား၊ မွန်ပြည်နယ်ဆိုပေမဲ့ ကျနော်တို့မွန်ရိုးရာ သမိုင်းပြယုဂ်တောင်ထားခွင့်မရှိပါလားဆိုတဲ့ စိတ်မကောင်းစရာတွေ အများကြီးတွေးချင်စရာရှိတယ်။ နအဖတို့ပြောပြောနေတဲ့ ဒို့တာဝန်အရေးသုံးပါးမှာပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တကယ့်လက်တွေ့မကျဘူးလို့ ပြောရမှာဖြစ်တယ်။”

**VOA ၄/၁/၂၀၀၈ ဦးအောင်လွင်ဦး**

ဆောင်းပါး

# စစ်အစိုးရမရှိရင် ပြည်ထောင်စုပြိုကွဲမှာလား

မြန်မာနိုင်ငံမှာ စစ်အစိုးရမရှိရင် တိုင်းပြည်ပြိုကွဲသွားနိုင်တယ်ဆိုတဲ့အသံဟာ မကြာသေးခင်ပြီးဆုံးသွားတဲ့စက်ဘာပူက အာဆီယံ ထိပ်သီးစည်းဝေးပွဲပတ်ဝန်းကျင်မှာပေါ် ထွက်ခဲ့ပါတယ်။စင်္ကာပူနိုင်ငံခြားရေးဌာနပုဂ္ဂိုလ်က ဒီကိစ္စကို ပြောခဲ့တာဖြစ်ပါတယ်။ စစ်အစိုးရလည်း မကြာခဏ အကြောင်းပြနေတဲ့ကိစ္စဖြစ်ပါတယ်။ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးက ဘာရည်ရွယ်ချက်နဲ့ ပြောတာလဲ။

*"စစ်အစိုးရက တိုင်းရင်းသားတွေကို တကယ်ဘဲ စည်းလုံးညီညွတ်စွာနဲ့ ထိန်းသိမ်းထားနိုင်တယ်လို့ လူတွေတော်တော်များများ မမြင်ကြပါဘူး။များသောအားဖြင့် စစ်အစိုးရဟာ လက်နက်အင်အားနဲ့ ထိန်းထားတယ်လို့ဘဲ မြင်ကြပါတယ်။ ပြည်ထောင်စုမပြိုကွဲအောင်အင်အားနဲ့ ထိန်းထားမှုရမှာလား။ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုက တကယ်ဘဲလက်နက်နဲ့ မထိန်းဘဲ အချင်းချင်းစည်းလုံးညီညွတ်စွာနဲ့ နေနိုင်တဲ့ စည်းလုံးညီညွတ်မှုတကယ်မရှိနိုင်ဘူးလားဆိုတဲ့ရည်ရွယ်ချက်ကိုသိရမယ်။"*



ကရင်နီ
တိုးတက်ရေး
ပါတီခေါင်းဆောင်
ရီမန်ထူး

*"ကရင်နီအမျိုးသားတွေအနေနဲ့ကတော့ တကယ်လို့ စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်ရင် စစ်မှန်တဲ့ပြည်ထောင်စုထဲမှာ နေဖို့ဖြစ်ပါတယ်။ ကျနော်လေ့လာသိရှိရသလောက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေအနေနဲ့လဲ တော်လှန်ရေးရည်ရွယ်ချက်တွေပြောတဲ့အခါမှာ မကြာသေးမီ အချိန်ကာလအထိ ကရင်နီတိုင်းရင်းသားအချို့နဲ့ ရခိုင်တိုင်းရင်းသားအင်အားစုတချို့ကတော့ သီးခြားနိုင်ငံထူထောင်ရေးတောင်းဆိုနေကြတယ်လို့ ကျနော်မှတ်မိပါတယ်။"*

*"၂၀၀၀ ကစပြီးတော့ နိုင်ငံရေးအခြေအနေကို ကျနော်တို့ ပြန်လည်သုံးသပ်ပြီးတော့ ဖြစ်ပျက်နေတဲ့အခြေအနေအရ ဒီမိုကရေစီလမ်းကြောင်းသွားပြီး ဖက်ဒရယ်လမ်းကြောင်းထဲဝင်တာ အကောင်းဆုံးဖြစ်ပါတယ်။ကမ္ဘာ့နိုင်ငံအသီးသီးမှာဖက်ဒရယ်စစ်စစ်နဲ့ နေထိုင်လို့ရရင် ကျနော်တို့ဘာဖြစ်လို့ နေထိုင်လို့မရရမှာလဲဆိုပြီးတော့ လွတ်လပ်ရေးစယူကတည်းက ဖက်ဒရယ်မူ ပြန်လည်ကျင့်သုံးရခြင်းဖြစ်ပါတယ်။"*

*"ပညာရှင်တွေပြောကြားတာ တကယ်စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုနဲ့ သွားမယ်ဆိုရင် ခွဲထွက်ရေးဆိုတဲ့အသုံးအနှုန်းပြောစရာမလိုဘူးလို့ ပြောတဲ့အတွက်ကြောင့် စစ်မှန်တဲ့ဖက်ဒရယ်တည်ဆောက်သွားရင် ကျနော်တို့ခွဲထွက်စရာမလိုပါဘူး။"*

**KNPP ကရင်နီတိုးတက်ရေးပါတီခေါင်းဆောင် ရီမန်ထူး**

*"၁၉၇၆ ခု NDF စဖွဲ့ကတည်းက ကျနော်တို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ပါဝင်လာပါတယ်။ ကိုယ်ပိုင်ပြဌာန်းခွင့်ပေါ်မှာ အခြေခံပြီး စစ်မှန်တဲ့ပြည်ထောင်စုစနစ်ကိုတည်ဆောက်ကြမယ် အထူးသဖြင့် Coming together ပုံစံမျိုးနဲ့ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုမှာပါလာရခြင်းဖြစ်ပါတယ်။ လူထုကတော့ အတိတ်နိမိတ်ကိုအခြေခံပြီး တော့ပြင်မယ်ယူမယ်ဆိုတာ ရှိကြပါတယ်။"*

**ရခိုင်တိုင်းရင်းသားလက်နက်ကိုင် အင်အားစု ALP ပါတီ ခိုင်စိုးနိုင်အောင်**

*"ကျနော်တို့တိုင်းပြည်မှာရှိတဲ့ တိုင်းရင်းသားအားလုံးရဲ့ သဘောထားကိုကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ၁၉၅၅ တုန်းက ဗိုလ်ချုပ်နေဝင်း စစ်တပ်ထောက်လှမ်းရေးရဲ့ တဘက်သတ်မားယွင်းစွပ်စွဲချက်တွေပါ။ အယုံအကြည်ကဲပြီးတော့ ဖြစ်တဲ့ကိစ္စပါ။ ပင်လုံစာချုပ်ထဲမှာပါတဲ့ အချက်အလက်တွေအရ ၁၀ နှစ်အတွင်း တိုးတက်လာတဲ့ အခြေအနေအပေါ် တောင်းဆိုလာခြင်းဖြစ်ပါတယ်။ ခွဲထွက်ဖို့ တောင်းဆိုတာမျိုးလဲမဟုတ်ဘူးလို့ ကျနော်တို့သမိုင်းကြောင်းအရ သိရှိခဲ့ရပါတယ်။ ဒီနေ့လဲဘဲ တိုင်းရင်းသားအင်အားစုတွေ အားလုံးကြားထဲမှာ စစ်မှန်တဲ့ပြည်ထောင်စုပုံစံတခုအတွက် နိုင်ငံရေးခေါင်းဆောင်တွေ တိုင်းရင်းသားခေါင်းဆောင်တွေလက်တွဲပြီး ဖေါ်ဆောင်နိုင်မယ်ဆိုရင် ခိုင်မာတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တကယ်ရမှာပါ။အခုလို ဖိအားပေးပြီး တဖက်သတ်လုပ်နေသမျှကာလပတ်လုံး ဘယ်တော့မှ စစ်မှန်တဲ့တိုင်းရင်းသားစည်းလုံးညွတ်ရေးကို ရမှာမဟုတ်ဘူး။"*

**တပ်ကုန်းမြို့နယ်က NLD ကိုယ်စားပြုတဲ့မဲဆန္ဒရှင်အမတ်ဦးဝင်းနိုင်**

*"စစ်အစိုးရမရှိရင် တိုင်းပြည်ပြိုကွဲမယ်ဆိုတာ ကျမတို့လက်မခံဘူး။ တိုင်းပြည်တပြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ စည်းကမ်းနဲ့ဖွဲ့စည်းထားတဲ့စစ်တပ်ကို လက်ခံပါတယ်။ အာဏာရှင်စစ် အစိုးရကို လက်မခံနိုင်ပါဘူး။ တိုင်းပြည်အစိတ်စိတ် အမွှာမွှာပြိုကွဲအောင်လုပ်တာကလဲ စစ်အစိုးရကိုယ်တိုင် လုပ်နေတာဘဲဖြစ်တယ်။ တိုင်းရင်းသားများကိုသွေးခွဲပြီးကိုယ့်အဖွဲ့နဲ့ ကိုယ်နယ်မြေအလိုက်အပစ်*

အခတ်ရပ်စဲရေးအဖွဲ့တွေ ကွဲအောင်လုပ်နေတယ်။ အပေးအယူလုပ်ပြီး လုပ်ပိုင်ခွင့်တွေပေးထားတဲ့ဟာက စစ်အစိုးရ တမင်ဖန်တီးထားတာဖြစ်တယ်။တိုင်းပြည်ပြိုကွဲအောင်တမင်ဖန်တီးထားတယ်လို့ပဲ ကျမ ယုံကြည်တယ်။ စစ်အစိုးရပြောတဲ့အတိုင်း စစ်အစိုးရမရှိရင်တိုင်းပြည်ပြိုကွဲမယ်လို့ ပြောတဲ့နိုင်ငံအချို့ရှိပါတယ်။ အဲဒီနိုင်ငံတွေက အစိုးရတွေဘယ်လို အခြေခံအကြောင်းကြောင့်ပြောတာလဲ။ သူတို့အကျိုးတူစီးပွားဘက်ကြောင့်လား။တိုင်းရင်းသားလက်နက်ကိုင်အခြေအနေကို ကြည့်ပြီးပြောတာလား။ စစ်အင်အားတိုးချဲ့ပြီး ထိုးစစ်ဆင်နေတာကို တိုင်းပြည်မပြိုကွဲအောင်ကာကွယ်တယ်လို့ စစ်အစိုးရပြောတာ တိုင်းရင်းသားတွေအနေနဲ့ လက်ခံပါသလား။”

**နန်းမိုးအေး – (ထိုင်း)**


ဦးမောင်မောင်

“နအဖက စစ်အင်အားတိုးချဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်တွေကို ထိုးစစ်ဆင်နေတာဟာ တိုင်းပြည်ပြိုကွဲအောင် လုပ်နေတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေဟာ ဗမာပြည်လွတ်ရေးမရခင်ကတည်းက ဗမာအမျိုးသားနဲ့တစုတစည်းထဲနေဖို့ ကြိုးပမ်းလာတဲ့အတွက်ကြောင့် ဒီပြည်ထောင်စုကြီးပေါ်ပေါက်လာတယ်။ ဒါပေမဲ့ မဆလခေတ်ကစပြီးတော့ နအဖခေတ်အထိ တိုင်းရင်းသားစုစည်းညီညွတ်မှုကို သူတို့မလိုလားတဲ့အပြင် ထိုးစစ်ဆင်တဲ့အတွက်ကြောင့် ကျနော်တို့တိုင်းရင်းသားကြားမှာ ပြိုကွဲမှု ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရတယ်။ အဲကြောင့်သူတို့ထိုးစစ်ဆင်မှုက တိုင်းပြည်ပြိုကွဲမှုကိုကာကွယ်တာ မဟုတ်ပါဘူး။”

“နအဖက စစ်ရေးနဲ့ထိုးစစ်ဆင်တိုက်ခိုက်နေတာဟာ တိုင်းရင်းသားတွေ တကယ်ကြောက်သွားအောင် ခုခံတော်လှန်စိတ် မဖြစ်ပေါ်အောင် ဆိုတဲ့ရည်ရွယ်ချက်နဲ့ ထိုးစစ်ဆင်တိုက်ခိုက်တာဖြစ်တယ်။ကျနော်တို့ ပြည်ထောင်စုတည်ဆောက်ဖို့ လက်တွဲပြီးလုပ်လာတယ်။ စစ်မှန်တဲ့ပြည်ထောင်စုကို ကြွေးကြော်ထားတဲ့အတွက် တိုက်ပွဲပြီးဆုံးသွားလဲဘဲ ကျနော်တို့ဆုံးဖြတ်ချက်ချထားတဲ့အတိုင်း ဆက်လုပ်သွားမယ်။”

“ကျနော်တို့အားလုံး ပြည်ထောင်စုဖွဲ့ပြီး လက်နက်ကိုင်တော်လှန်သင့်ပါတယ်။ ဘာလဲဆိုတော့ အာဏာရှင်တခြား၊ ပြည်သူ့တပ်မတော်ကတခြား။ အခု နအဖလုပ်နေတာ တပ်မတော်သည် ငါတို့၊ ငါတို့သည်တပ်မတော် ဆိုတဲ့ပုံသဏ္ဍာန်။ ဒါကျနော်တို့ လက်မခံဘူး။ နိုင်ငံကိုကာကွယ်ဖို့ထားတဲ့ တပ်မတော်ကသပ်သပ်၊ အာဏာရှင်ကသပ်သပ်ခွဲဖို့ လိုပါတယ်။ နောက်တချက်က တပ်ကြီးထောင်မယ်ဆိုရင်ကောင်းတယ်။ ဒါပေမဲ့ လက်နက်ကိုင်အင်အားစုတွေကို ပညာပေးဖို့ လိုမယ်။ ဆွေးနွေးဖို့ လိုမယ်။ ဒီမိုကရေစီဆိုတဲ့ကိစ္စ ခဏထားပြီးတော့ အာဏာရှင်သည် ငါတို့ကိုကိုယ်စားမပြုဘူးဆိုတဲ့ အသိဝင်လာအောင် ဆွေးနွေးဖို့လိုမယ်။ ဒါကို ကျနော်တို့အဓိကထားလုပ်ရမယ်လို့။”

“စစ်မှန်တဲ့ ဖက်ဒရယ်ရဖို့ကို ဘယ်သူကမှ ဦးဆောင်တာ မဟုတ်တဲ့ *FCDCC* လို့ခေါ်တဲ့အစုအဖွဲ့ဆိုပြီး အခြေခံမူရေးဆွဲရေးကော်မတီရှိပါတယ်။အဖွဲ့ဝင် ၁၇ ဦးပါပုဂ္ဂလိကအဖွဲ့တဖွဲ့က ဦးဆောင်ဆွေးနွေးပါတယ်။ အားလုံးကသဘောတူတဲ့ အားလုံးကပါဝင်တဲ့ အာလုံးကနားလည်ထားတဲ့ အခြေခံမူ ၈ ချက်ရအောင် ကျနော်တို့ကြိုးစားခဲ့တယ်။ အဲဒီအခြေခံမူ ၈ ချက်ကနေ *federal constitution* အခြေခံဥပဒေကိုရေးဆွဲတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် အားလုံးသာတူညီမျှရှိတဲ့ စစ်မှန်တဲ့ပြည်ထောင်စု အနှစ်သာရကိုရှာတဲ့နေရာတောင်မှ အခြေခံမှာပွင့်ပွင့်လင်းလင်း လူတိုင်းပါဝင်ဆွေးနွေးလို့ရအောင် ဖန်တီးပါတယ်။ စစ်မှန်တဲ့ပြည်ထောင်စုဆိုတာ ဘယ်သူမှ ဥပဒေရှေ့မှောက်မှာ မရှိရဘူး။ အထူးအလေးပေးခြင်းခံရတာ မရှိရဘူး။ လူမျိုးစုတိုင်းအားလုံးသည် ဥပဒေရှေ့မှောက်မှာတူညီရှိရမယ်။ ဒီဟာကိုအာမခံနိုင်တဲ့ စနစ်တစ်ခုကို တည်ဆောက်နိုင်တဲ့စနစ်။”

**NCUB အတွင်းရေးမှူး ဦးမောင်မောင်**

**ဦးကျော်ဇံသာ**
VOA 15/12/2007 စနေနေ့ဆွေးနွေးခန်း

# လွတ်လပ်ရေးတိုက်ပွဲမှာ ကရင်လဲပါခဲ့




“ဂျပန်တော်လှန်ရေးမှာ ကရင်အမျိုးသားတွေလည်း တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ ဂျပန်ဝင်ဝင်ချင်းမှာဘဲ မန်းရွှေထွန်းကြာ ဦးစီးပြီး လူအင်အား၁၀၀လောက်နဲ့ဂျပန်ကိုတိုက်တယ်။ နောက်တခု ၁၉၄၅ ဂျပန်တော်လှန်ရေးမစခင်မှာ Force 136 ဆိုတာရှိတယ်။ ဗြိတိသျှအစိုးရအနေနဲ့ အထွေထွေထိုးစစ်ဆင်ဖို့ကိစ္စမှာ သူတို့အခြေခံပြင်ဆင်မှုတွေလုပ်တယ်။အဲဒီအပိုင်းမှာလည်းကရင်အမျိုးသားတွေပါဝင်ခဲ့တယ်။ နောက်ပိုင်းဂျတော်လှန်ရေးစတော့ တဘက်ကလဲ ဗိုလ်ချုပ်အောင်ဆန်းတို့ BDA တပ်။တဘက်ကလဲဗြိတိသျှတပ်။ BIA တပ်ထဲမှာလဲကျနော်တို့ကရင်တွေ အများကြီးပါတယ်။ ဒါကတော့ ကျနော်တို့ကရင်တွေ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့တဲ့သာဓကတွေ ဖြစ်ပါတယ်။ အဲလိုနဲ့ ဂျပန်ကို ကျနော်တို့မောင်းထုတ်နိုင်ခဲ့တယ်။”

**ဗဒိုမန်းရှာ**
ကရင်အမျိုးသားအစည်းအရုံး KNU အထွေထွေအတွင်းရေးမှူး
(BBC 04/01/08)

# နအဖ ဖွဲ့စည်းပုံ – စစ်အာဏာရှင်ဓါးမိုးကရေစီ

နအဖ စစ်အစိုးရရေးဆွဲနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုလဲမဟုတ် ဒီမိုကရေစီလည်းမဟုတ် စစ်အာဏာရှင်စနစ်သာဖြစ်မယ်။ဓါးမိုးကရေစီသာဖြစ်တယ်လို့သျှမ်းအမျိုးသားနိုင်ငံရေးဝါရင့်နိုင်ငံရေးသမားလဲဖြစ် ဖွဲ့စည်းပုံရေးရာကျွမ်းကျင်သူလဲဖြစ်တဲ့ ဦးရွှေအုန်းက ပြောကြားလိုက်ပါတယ်။

ဦးရွှေအုန်းဟာ **မပြုကွဲနိုင်သောပြည်ထောင်စု** ဆိုတဲ့စာအုပ်ကိုရေးသားပြီး ထုတ်ဝေခွင့်တင်ထားတယ်လို့ဆိုပါတယ်။ ၁၉၄၇ ဖွဲ့စည်းပုံနဲ့ ၁၉၇၄ ဖွဲ့စည်းပုံအရ ပြည်ထောင်စုပြိုကွဲခဲ့တဲ့အတွက် မပြိုကွဲအောင်ဘယ်လို ဖွဲ့စည်းပုံဖြစ်သင့်တယ်ဆိုတဲ့အကြောင်း ရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။

*"ကျနော်တို့လိုချင်တာ ပင်လုံညီလာခံက အများသဘောတူ ဆုံးဖြတ်ခဲ့တဲ့ နိုင်ငံရေးတန်းတူညီမျှမှုမျိုးရှိရမယ်။ ပြည်တွင်းရေး လွတ်လပ်မှုရှိရမယ်ဆိုတဲ့မူနဲ့ ပြည်ထောင်စုတည်ဆောက်ခဲ့တယ်။ အခြေခံမူ ရေးဆွဲတဲ့ခါကြတော့ နိုင်ငံရေးတန်းတူညီမျှမှုမရှိဘူး၊ ပြောရမယ်ဆိုရင် ဗမာပြည်နယ်၊ သျှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ် အဲလို ပြည်နယ်တန်းတူလုပ်ချင်တာ။ အဲလိုဗမာပြည်နယ်မဟုတ်ဘဲနဲ့ ဗမာပြည်မဆိုပြီးတော့ ပေါ်လာတယ်။ ပြည်နယ်တွေကအောက် ပြည်မကအပေါ်ဆိုတော့ တန်းတူညီမျှမှုမရှိဘူး။ တန်းတူညီမျှမှုမဟုတ်ဘဲနဲ့ ဗမာကအထက် ကျန်တဲ့လူမျိုးအားလုံးက အောက်မှာဆိုတော့ မဟာဗမာနိုင်ငံဖြစ်သွားပြီ။ အဲတော့ တန်းတူညီမျှမှုမဖြစ်ဘူး။ အဲလိုမဖြစ်တော့နောက်ပိုင်းပြဿနာပိုပြီး ရှုပ်ထွေးလာတယ်။ အဲလိုရှုပ်ထွေးလာလို့ ပြင်ဖို့ကျနော်တို့ကြိုးစားတော့၁၉၆၂ မှာအာဏာသိမ်းခံလိုက်ရတယ်။ကျနော်တို့ ပြည်ထောင်စုပြိုကွဲအောင်လုပ်တယ် ဘာညာဆိုပြီး ၁၉၇၄ မှာပြန်ဆွဲတော့ အဲဒီဟာက ပိုပြီးပြည်ထောင်စု မဟုတ်တော့ဘူး။တပြည်ထောင်စနစ်။အဲဒါလဲ ၁၉၈၈ ခုနှစ်မှာပြိုကွဲသွားတာဘဲ။ နောက် အဲလိုမျိုးမဖြစ်အောင် တန်းတူညီမျှမှုရှိတဲ့ ပြည်ထောင်စုစနစ် တည်ဆောက်မှပြည်ထောင်စုမပြိုကွဲမှာ။"*

*"အခုစစ်အစိုးရရေးဆွဲနေတာက ပြည်ထောင်စုလည်းမဟုတ်ဘူး။ ဒီမိုကရေစီလဲမဟုတ်ဘူး။ ကျနော်တို့ကတော့ မကြိုက်ဘူး။ ၄၈ တုန်းကရော ၇၄ တုန်းကရောအကုန်လုံးကမဟာဗမာနိုင်ငံတွေကြီးဘဲ။ အခုရေးဆွဲနေတဲ့ဟာက ပိုဆိုးသွားတယ်၊ အမှန်က။ သူတို့လုပ်တာက ပြည်ထောင်စုပုံစံမဟုတ်ဘူး။ သူတို့သဘောထားကို မကြိုက်ဘူး၊ သူတို့သဘောထားက ၁။ ပြည်ထောင်စုလည်းမဟုတ်ဘူး ၂။ ဒီမိုကရေစီမဟုတ်ဘူး ၃။ စစ်တပ် တပါတီစစ်အာဏာရှင်ဘဲ။ ပြည်သူတွေ စစ်အစိုးရအောက် အနှစ် ၄၀ နေလာတယ်။ ဒါဟာတရားဝင်မဟုတ်ဘူး။ အခုအခြေခံမူရေးဆွဲပြီးသွားလို့ရှိရင် တရားဝင်ဖြစ်သွားပြီ။"*

ဆရာက တိုင်းရင်းသားရေးရာကိစ္စရော ပြည်ထောင်စုရေးရာရော နှစ်ပေါင်းများစွာလေ့လာထားတဲ့သူဆိုတော့အခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲနေတဲ့ဗမာစစ်အစိုးရကိုအခြေခံမူတွေနဲ့ပတ်သက်ပြီးတော့ ဆရာဘယ်လိုအကြံပြုချင်ပါသလဲ။

*"ဒီတိုင်းသွားမယ်ဆိုရင် ဖြစ်တော့ဖြစ်သွားမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အကုန်လုံးလက်ဝါးကြီးအုပ်ထားတာကိုး၊ မကျေမနပ်နဲ့ဖြစ်သွားရင်တော့ကြာရှည်မခံဘူး။တနေ့နေ့မှာပြိုကွဲလိမ့်မယ်။ ညှိညှိနှိုင်းနှိုင်းလုပ်ကြပါ။**အမျိုးသားညီလာခံဆိုတာကသူတို့ခေါင်းခေါက်ရွေးထားတာဘဲ။ ခေါင်းခေါက်ခံထားရတဲ့သူထဲမှာလည်း နည်းနည်းပါးပါးပြန်ပြောမယ်ဆိုရင်တောင် ပြန်ပြောလို့လဲမရဘူး။** ချိန်ထားတဲ့ဖဲ၊ ကိုယ့်ဖဲကိုဝေ ကိုယ်ကဘဲ ကုလားဖန်လုပ်ထားတာဘဲ။ အဲကြောင့်စစ်မှန်သောဒီမိုကရေစီမဟုတ်ဘူး။ ဓါးမိုးကရေစီဘဲ။ ဘယ်တော့မှလဲကြာရှည်ခံမှာမဟုတ်ဘူး။"*

**VOA 11/01/08 ဦးရွှေအုန်း**

# လွတ်လပ်ရေးရပေမဲ့ ပြည်ထောင်စုဖြစ်မလာ

**ဦးရွှေအုန်း (RFA 04/01/08)**

လွတ်လပ်ရေးတိုက်ပွဲဝင်တုန်းက ကျနော်တို့လိုချင်တာ လွတ်လပ်ရေးလဲလိုချင်တယ် ပြည်ထောင်စုလဲလိုချင်တယ်။ အမှန်ကတော့ ပြည်ထောင်စုဖြစ်မယ်ဆိုရင် ဗမာပြည်နဲ့ပေါင်းမှ လွတ်လပ်ရေးမြန်မြန်ရမယ်ဆိုလို့ သွားယူလိုက်တာ။ ကျနော်တို့လွတ်လပ်ရေးရတာ (အစကတော့) စစ်မှန်သော လွတ်လပ်ရေးရတာမှန်တယ်။ ဒါပေမဲ့ ကျနော်တို့လိုချင်တဲ့ ပြည်ထောင်စုဖြစ်မလာဘူး။ လွတ်လပ်ရေးရတဲ့အတွက်ဝမ်းသာတယ်။ကျနော်တို့လိုချင်တဲ့ ပြည်ထောင်စုဖြစ်မလာလို့ဝမ်းနည်းတယ်။

လက်ရှိစစ်အစိုးရရေးဆွဲတဲ့ အခြေခံဥပဒေက ပြင်လို့လဲမရတော့ဘူး။ ၇၅%သဘောတူမှ ပြင်လို့ရမယ်ဆိုတော့ အရပ်သား ကိုယ်စားလှယ်၊ တပ်မတော် ကိုယ်စားလှယ် ဘယ်လောက်ပါမှန်းလဲမသိဘူး။ အဲတော့ဒီအခြေခံ ဥပဒေက ဘယ်တော့မှပြင်လို့မရတော့ဘူး။ ဘယ်လောက် ဘဲရေးထားရေးထား မူမမှန်တဲ့အတွက်ကြောင့် ပြန်ပျက်မှာဘဲ။ နောက်ရေးဆွဲမယ်ဆိုရင် လူမျိုးစုတွေအတွက် နိုင်ငံရေးတန်းတူညီမျှမှု (ပင်လုံညီလာခံမှာ ချမှတ်ထားတဲ့တန်းတူရည်တူပြည်ထောင်စု) နဲ့ ပြည်သူ့လွတ်လပ်မှု ရှိရမယ် အဲဒီနှစ်ခုက အဓိကဘဲ။

စစ်အစိုးရ ဖိနှိပ်ချုပ်ချယ်တာ လွန်လွန်းအားကြီးတယ်။ ခေါင်းလဲအရမ်းမာတယ်။ ဘယ်လိုမှ အပြောင်းအလဲ မလုပ်ချင်တော့ အောက်ခြေလူတန်းစား အကုန်လုံးကကျေနပ်မှုမရှိဖြစ်နေကြတယ်။ဒီတိုင်းတော့နေမှာ မဟုတ်ပါဘူး။ လှုပ်ရှားမှုတော့ရှိဦး မှာဘဲ။ အဲဒီလှုပ်ရှားမှုကနေ စစ်တပ်က လိုက်လျောပေးမှု ဖြစ်လာမလား။ ဒါမှမဟုတ် UN တိုက်တွန်းမှုကိုဘဲ တန်ဖိုးထားမှာ လားမပြောတတ်ဘူး။" ❑

# ဗမာပြည် အနှစ် ၆၀ ပြည့်လွတ်လပ်ရေး

ဗမာပြည်ရဲ့နှစ် ၆၀ ပြည့် လွတ်လပ်ရေးဟာ ဗမာပြည်ရဲ့ နှစ် ၆၀ ပြည့်ကံဆိုးမိုးမှောင်ကာလ။ ဗမာပြည်ရဲ့နှစ် ၆၀ ပြည့် ကြောက်ရွံ့စိုးရိမ်ခြင်းနဲ့ရက်စက်ကြမ်းကြုတ်ခြင်း။ ဗမာပြည်ရဲ့နှစ် ၆၀ ပြည့် အလဟဿနှစ် တွေဘဲဖြစ်တယ်။




ကျမဟာ သျှမ်းလူမျိုးတယောက်ပါ၊ သျှမ်းပြည်မှာမွေးပြီး သျှမ်းပြည်မှာပဲကြီးပြင်းခဲ့ပါတယ်၊နိုင်ငံသားပြုပေးတဲ့နိုင်ငံမှာ လာရောက်နေထိုင်ခြင်းနဲ့ နိုင်ငံသားအဖြစ်ခံယူထားတဲ့ကျမကို သျှမ်းပြည်၊ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေများနဲ့ပတ်သက်ပြီး လူအတော်များများကမေးကြပါတယ်၊"ဗမာပြည်အနှစ်(၆၀)ပြည့်လွတ်လပ်ရေးအခမ်းအနားကျင်းပခြင်း"ဆိုပြီးတော့ သတင်းစာတွေရေးကြတယ်။ဒါပေမဲ့ သျှမ်းလူမျိုးတယောက်အဖို့ ဒီအခမ်းအနားကို ကျင်းပဖို့မလိုပါဘူး။ ကောင်းချီးပေးဖို့လည်းမလိုပါဘူး၊ ကျမရဲ့စိတ်ရင်းနဲ့ပြောရရင် တကယ်တမ်းကျတော့ လွတ်လပ်ရေးဖြစ်မလာသေးပါဘူး၊

ပြည်သူလူထုဟာ ဗြိတိသျှလက်အောက်တုံးကတောင် ပိုမိုကောင်းမွန်တဲ့ဘဝနဲ့ မျှော်လင့်ချက်ရောင်ခြည်တွေ ကြုံခဲ့ရသေးတယ်၊ လူထုဟာ လွတ်လပ်တဲ့သူတွေဖြစ်ခဲ့ကြတယ်၊ ကြောက်ရွံ့ခြင်းနဲ့ငတ်မွတ်ခြင်းလည်းကင်းဝေးခဲ့ရတယ်၊ကျမတို့တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့မျိုးဆက်တွေ တဆက်ပြီးတဆက် ဆိုးဝါးလှတဲ့စစ်အုပ်ချုပ်ရေးအောက်မှာနေနေရတဲ့အတွက် အလွန်ပဲစိတ်ဆင်းရဲရတယ်၊ငြိမ်းချမ်းပြီးစိမ်းလန်းစိုပြေလှပတဲ့ သျှမ်းပြည်ဖြစ်စဉ်တုံးက ကျမမြင်တွေ့ခဲ့ရတယ်၊ သဘာဝအရင်းအမြစ်တွေကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ပေမဲ့ ပြည်သူလူထုရဲ့ အသိတရားတန်ဖိုးကိုတော့ ဘာမှမထိခိုက်ခဲ့ပါဘူး၊ ဘာဖြစ်လဲဆိုတော့ လူအများစုဟာ ကုန်သည်အသေးစားတွေနဲ့ တောင်သူလယ်သမားတွေပဲဖြစ်လို့ သူတို့ရှိတဲ့ဟာလေးနဲ့ ရောင့်ရဲပျော်ရွှင်ကြပြီး စိတ်ကျေနပ်မှုရှိခဲ့ကြတယ်၊ အခြေခံလူ့အခွင့်အရေးတွေ ခံစားရပြီးပျော်ရွှင်နိုင်ခဲ့ကြတယ်။

လူအများ မျှော်လင့်တောင့်တကြပြီး ၁၉၄၈ မှာစောင့်စားခဲ့ရတဲ့လွတ်လပ်ရေးဟာ စစ်အုပ်ချုပ်ရေး ၃ ဆက်ဖြစ်တဲ့ မဆလ၊ နဝတနဲ့နအဖလက်ထက်မှာ ပျက်စီးခဲ့ရတယ်၊စစ်အုပ်ချုပ်ရေး ၂ ဆက်အချိန်ကာလကျမှ သျှမ်းပြည်ရဲ့သမိုင်းမှာ အဆိုးဝါးဆုံးကာလတစ်ခုဖြစ်ခဲ့ရတယ်၊လက်နက်အင်အားသုံးပြီး အာဏာရယူခဲ့တဲ့ စစ်ဝါဒီတွေဟာ နှစ်ပေါင်းငါးဆယ်ကျော် တိုင်းပြည်ကို လွဲမှားစွာ အုပ်ချုပ်ခဲ့တယ်၊ သဘာဝအရင်းအမြစ်ပေါကြွယ်ဝတဲ့ဗမာပြည်လည်း ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနိုင်ငံအဖြစ် ပြောင်းလဲရောက်ရှိသွားခဲ့ရတယ်၊ ပြည်သူလူထုဟာလည်း ကြောက်ရွံ့ခြင်းနဲ့ မျှော်လင့်ချက်ကင်းမဲ့တဲ့ အခြေအနေအောက်မှာ ချည်နှောင်ထားခြင်းခံခဲ့ရတယ်၊

စစ်ဗိုလ်ချုပ်တွေဟာ သူတို့ရဲ့လက်မရွံ့အာဏာနဲ့ရက်စက်ကြမ်းကြုတ်မှုတွေအသုံးချပြီး တိုင်းပြည်ရဲ့ လူ့ဘောင်တစ်ခုလုံးအပေါ် သူတို့အမိန့်ကို မလွန်ဆန်စေနိုင်တဲ့ အစုအဖွဲ့တခုလို သဘောထားကြတယ်၊အစွန်းရောက်တယူသန် အမျိုးသားရေးဝါဒရဲ့ အတွေးအခေါ်ဟာ လူမျိုးပေါင်းစုံအမျိုးသားရေးဝါဒကိုထည့်သွင်းစဉ်းစားလို့မရနိုင်ဘူး၊ ဗမာပြည်မှာ လူမျိုးတစ်မျိုး၊ ဘာသာစကားတစ်ခု၊ ယဉ်ကျေးမှုတစ်ခုနဲ့ ကိုးကွယ်တဲ့ဘာသာတစ်ခုဖြစ်ဖို့ အတင်းသွတ်သွင်းနေကြတယ်၊ သူတို့ဟာ ရက်စက်ကြမ်းကြုတ်မှုသံလက်သီးတွေနဲ့ဘဲ ကွဲပြားနေတဲ့ လူမျိုးစုများကို ချုပ်ကိုင်စုစည်းနိုင်မယ်လို့တွေးခေါ်ခဲ့ကြပြီး ယနေ့ထက်ထိဆက်လက်ကျင့်သုံးနေကြတယ်၊ စစ်တပ်ဟာ အခြားသောလူမျိုးစုများအားလုံးဖယ်ရှားပစ်နိုင်ဖို့ အထိရောက်ဆုံးဖြစ်နိုင်တဲ့ ဘယ်နည်းကိုမဆိုအသုံးပြုခဲ့ကြတယ်၊ဗမာစစ်တပ်ဟာ အမျိုးသမီးများနဲ့ ငယ်ရွယ်တဲ့မိန်းကလေးတွေကို မုဒိမ်းကျင့်ကြတယ်၊ မုဒိမ်းကျင့်တဲ့နည်းနဲ့ လူ့သိက္ခာရဲ့နောက်ဆုံးလက်ကျန်အစအနကိုတောင်လုယူပြီး အကြမ်းဖက်လက်နက်အဖြစ် အသုံးပြုကြတယ်၊

ကြမ်းကြုတ်ရက်စက်ခြင်းနဲ့ စစ်အတွင်းလုယက်ခြင်းတွေဟာ စစ်အင်အားထိန်းကွပ်မှုအတွက်သာမက တရားသေဝါဒရိုက်သွင်းတဲ့နည်းနဲ့လည်း စစ်သားများရဲ့အတွေးအမြင်ကို စုစည်းချီနှောင်ထားတယ်၊အတွေးအခေါ်ပျက်စစ်ဗိုလ်တွေဟာ စစ်သားများ၊ ရာဇဝတ်မှုကျူးလွန်သူများနဲ့ လူ့ကျင့်ဝတ်မစောင့်စည်းတဲ့ အရပ်သားများကို တရားသေမှတ်ယူစေပြီး ဆုလာဘ်ပေးခြင်း၊ အမိန့်ပေးခြင်းနဲ့ ညစ်ညမ်းအောက်တန်းကျတဲ့ လုပ်ရပ်တွေလုပ်ဆောင်စေတယ်။ အင်အားသုံးနိုင်ငံရေးအရ စစ်ရေးပဓါနအယူအဆ ဆက်လက်သက်ဆိုးရှည်လာတယ်၊လူ့အသက်ဆုံးရှုံးမှုအလွန်ကြီးထွားလာတယ်၊ဘာဖြစ်လဲဆိုတော့ စစ်ဗိုလ်ချုပ်တွေဟာ သူတို့ရဲ့စစ်သားတွေအပေါ် မျက်စိစုံမှိတ်အမိန့်ပေးခိုင်းစေနေတယ်၊ တချို့စစ်သားတွေဆိုရင် လူတစ်ယောက်

အသက်ရှင်ဖို့၊ ဒါမှမဟုတ်သတ်သေဖို့ဆုံးဖြတ်ရာမှာ ကလေးတွေ လောက်တောင် အသိဉာဏ်ပိုမရှိကြဘူး။

၁၉၅၈ ကစပြီး စစ်အုပ်ချုပ်ရေးအောက်မှာ ယနေ့ထိ နေနေရတဲ့ ပြည်သူတွေဟာ အကြောက်တရား လက်ကိုင်ထားခြင်းခံရတယ်၊ စစ်ဗိုလ်ချုပ်တွေဟာ လူ့အခွင့်အရေးဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ပျောက်ပျက်သွားလေအောင်လုပ်ဆောင်ခဲ့ကြပြီးအတင်းအကြပ်စေခိုင်း။ အတင်းနေရာပြောင်းရွှေ့၊ အစုလိုက်အပြုံလိုက်သတ်ဖြတ် စတာတွေ ဆက်လက်ကျင့်သုံးစေတယ်။ တိုင်းရင်းသားလူမျိုးစုတွေ ကြီးမားစွာ နစ်နာရလေအောင် သီးသန့်လုပ်ဆောင်လာတယ်။ ပဋိပက္ခဖြစ်ပွားရာနယ်မြေတွေမှာဝမ်းနည်းပူဆွေးမှုဆက်လက်ဖြစ်ပေါ်နေမှုလျော့ပေါ့သွားခြင်းမရှိပါဘူး။ ပြည်သူတွေ ထောင်နဲ့ချီအသတ်ခံရပြီး သိန်းနဲ့ချီနေရာပြောင်းရွှေ့ခံရတယ်။ အရေအတွက်ကြီးမားတဲ့ သေဆုံးမှု၊ ကြောက်ရွံ့မှု၊ ပင်ပန်းနွမ်းနယ်မှု၊ ခါးရိုးကျိုးတဲ့အထိ အတင်းအဓမ္မစေခိုင်းမှုနဲ့ လူ့အသိုင်းအဝိုင်းပျက်စီးစေမှုတွေ ဒုနဲ့ဒေးပါ။ ချစ်တဲ့သူ တယောက်ယောက်သေဆုံးရလို့အသက်ရှင်ကျန်ရစ်သူတွေအဖို့မျှော်လင့်ချက်ကင်းမဲ့စေတဲ့ခြောက်လန့်မှုတွေ ဖန်တီးနေတယ်။ ကြောက်မက်ဖွယ်အခင်းဖြစ်ပွားစဉ်သေဆုံးသွားတာကိုမမြင်တွေ့လိုက်ရတာ။အသက်ကယ်ကူညီဖို့ မလုပ်ဆောင်နိုင်တာ။ ဒါမှမဟုတ် သေဆုံးသူအတွက် ပွင့်လင်းစွာဝမ်းနည်းပူဆွေးမှုမပြုရဲတာ စတဲ့အဖြစ်တွေနဲ့ မိဘသားသမီးများ ရင်နင့်စွာ ခွဲခွာကြရတယ်၊ အဖြစ်မှန် မသိရှိရတဲ့အတွက် ဓါးစာခံများရဲ့ အရေအတွက်လည်း အငြင်းပွားစရာဖြစ်ရတယ်၊မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုမှာ ရဟန်းသံဃာတွေနဲ့ကျောင်းသားတွေ အပေါ် သူတို့ရဲ့ကျူးလွန်မှုဟာ မရေမတွက်နိုင်တဲ့ ဗွီဒီယိုကင်မရာများရဲ့ ပြသခြင်းခံရတယ်၊ အဲဒါဟာတိုင်းပြည်ရဲ့မမြင်သာ ကွယ်ရာအရပ်ကျေးလက်ဒေသတွေမှာ ပိုမိုဆိုးရွားတဲ့ ရာဇဝတ်မှုများလဲအမှန်တကယ်ကျူးလွန်ခံရကြောင်း ကမ္ဘာကိုပထမဆုံးအကြိမ် ပြသလိုက်တာပါပဲ။



စစ်ဗိုလ်ချုပ်ကြီးများရဲ့ အာဏာအလွဲသုံးစားလုပ်မှုဟာ အသိတရားကင်းမဲ့မှု၊ ကိုယ်ကျင့်တရားစောင့်စည်းမှုနဲ့ ဘာသာရေး တန်ဖိုးထားခြင်းကင်းမဲ့မှု ဥပါဒါန်အစွဲအလန်းတွေဖြစ်တယ်၊ ပြည်သူလူထုနဲ့ရဟန်းသံဃာများကို ရန်သူအဖြစ်သတ်မှတ်ပြီး လူနေအိမ်တွေ ဘုန်းကြီးကျောင်းတွေမှာ အမြဲတမ်းလိုက်လံ ရှာဖွေစစ်ဆေးတာဟာ သူတို့အတွက် နေ့စဉ်လုပ်ငန်းလိုဖြစ်လာတယ်၊ ဓါးစာခံများအပေါ် မြေနိမ့်ရာလှံစိုက်တဲ့ သူတို့အာဏာသုံးမှုအပေါ် အကြိုက်တွေ့ အားရကျေနပ်ဖြစ်နေကြတယ်၊ တကယ်လို့များ ပြည်သူတယောက်ဟာ ခိုးဝှက်မယ်၊ မုဒိန်းကျင့်မယ်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မယ်၊ ညှင်းပမ်းနှိပ်စက်မယ်၊ လူတွေကိုသတ်ဖြတ်မယ်ဆိုရင် ဒါတွေဟာရာဇဝတ်ပြစ်မှုဖြစ်တယ်လို့ ဗိုလ်သန်းရွှေနဲ့ သူ့လိုစိတ်သဘောထားရှိတဲ့ စစ်ဗိုလ်ချုပ်တွေပြောကြမလားလို့ သူတို့ကိုယ်သူတို့ပြန်မေးသင့်ပါတယ်။ပြည်သူကိုပြစ်တင်ရှုတ်ချပြီး ရာဇဝတ်မှုကျူးလွန်သူအဖြစ် သူတို့သတ်မှတ်မယ်ဆိုတာ ကျမအတတ်ပြောနိုင်ပါတယ်။ ဒါတောင်မှ သူတို့ရဲ့ အရာရှိတွေနဲ့သူတို့လက်ကိုင်ဒုတ် အလိုတော်ရိတွေကို အဲလိုလုပ်ခိုင်းနေတယ်။ တရားမျှတမှုရှိစေဖို့ "ကိုယ့်ကိုယ်ကိုကျင့်ကြံသလို သူတပါးအပေါ်လည်း ကျင့်ကြံပါ" ဆိုတဲ့အားလုံးအပေါ် ပြုမူရမယ် ဒါမှမဟုတ် ပြုမူသင့်တယ်လို့ သူတို့ယုံကြည်ထားတဲ့ ဥပဒေသကို ဒင်းတို့ကိုယ်တိုင်ကျင့်သုံးသင့်ပါတယ်။ မိမိလုပ်ရပ်အပေါ် ဆန်းစစ်ခြင်းမရှိတဲ့အတွက် သူတို့ဟာ မိမိကိုယ်ကိုထိမ်းချုပ်မှုကင်းမဲ့လာတယ်။ဒီလိုနဲ့ပဲ သူတို့ဟာ မိမိကိုယ်ကိုလေးစားမှုနဲ့ သူတပါးအပေါ်လေးစားမှု ကင်းမဲ့လာတယ်။

ဘယ်လူသားတယောက်ကမှ ခြောက်ပြစ်ကင်း ပြီးပြည့်စုံမှုမရှိပါဘူး၊ဒါပေမဲ့အမှားအမှန်ကိုဆုံးဖြတ်နိုင်ဖို့အတွက် တွေးတောဆင်ခြင်နိုင်တဲ့ ဦးနှောက်တခုစီတော့ လူတိုင်းပိုင်ဆိုင်ထားကြ (ချီးမြှင့်ထားခြင်းခံကြရ)ပါတယ်။ "လူ့သဘာဝဟာ အတူတူပါပဲ၊သူတို့ရဲ့ အကျင့်စရိုက်သာလျှင် သူတို့ကိုကွဲပြားစေတယ်" ဆိုတဲ့ကွန်ဖြူးရှပ်စကားအတိုင်းပါ။

**စဝ်နွန်းဦ** (8 Jan. 2008)

စာရေးသူသည် ၁၉၄၈ တိုင်"ဖက်ဒရယ်သျှမ်းပြည်" ဟုခေါ်သည့်(ယနေ့သျှမ်းပြည်) ၏ထင်ရှားကျော်ကြားခဲ့သော လောက်စောက်နယ်မှ ဖြစ်ပါသည်။ ဖေါ် ပြချက်များသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။

**အယ်ဒီတာ**

## အနှစ် ၆၀ လွတ်လပ်ရေးသျှမ်းအတွေး

"သျှမ်းပြည်ပါဝင်မှုကို အဓိကပြောမယ်ဆိုရင် ပင်လုံညီလာခံကနေစတင်ပါဝင်ခဲ့တာဖြစ်တယ်။ ဒါပေမဲ့ ကျနော်အမှန်အတိုင်း ပြောရမယ်ဆိုရင်လွတ်လပ်ရေးရခဲ့တာဟာ ကျနော်တို့သျှမ်းပြည်အတွက် အဲလောက်အကျိုးမရှိခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ လွတ်လပ်ရေးမရခင်က သျှမ်းပြည်ဟာ ဗြိတိသျှကိုလိုနီမဟုတ်ဘူး။ အဲအချိန်မှာ သျှမ်းပြည်အတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတယ်။ လွတ်လပ်ရေးရှိတယ်။ ဒါပေမဲ့ ဗမာညီအကိုတွေအတွက် အကျိုးဖြစ်အောင်ဆိုပြီးတော့ ကျနော်တို့ သျှမ်းပြည်အနေနဲ့ ဗြိတိသျှကိုလိုနီဖြစ်တဲ့ ဗမာပြည်နဲ့ပေါင်းလိုက်ပြီး ပြည်ထောင်စုဖွဲ့ခဲ့ပါတယ်။ အဲဒီဟာက လူတိုင်းလွတ်လပ်ဖို့ လူတိုင်းကိုယ်ပိုင်ပြဌာန်းခွင့်ရနိုင်ဖို့ သဘောတူလိုက်တာဖြစ်ပါတယ်။"

**ဦးဟန်ယောင်ဟွေ့** (BBC 04/01/08)

# နှစ်ခြောက်ဆယ်ပြည့် လွတ်လပ်ရေးသဘောထားများ

၀၄၊ ၀၁၊ ၂၀၀၈ နေ့မှာ မြန်မာပြည် လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၆၀ ပြည့်တဲ့နေ့ပါ။ လွတ်လပ်တဲ့ မြန်မာနိုင်ငံမှာ လွတ်လပ်မှုတွေ ဆုံးရှုံးနေတာကြောင့် တောင်းဆိုကြတယ်။ ဒီလိုတောင်းဆိုမှုတွေကြောင့် အသတ်ဖြတ်ခံရတာတွေ၊ အဖမ်းခံရတာတွေ တိမ်းရှောင်ပုန်းအောင်းနေရတာဟာ နှစ်ပေါင်း ၆၀ အတွင်း အဆက်မပြတ်ဖြစ်ပွားခဲ့တာပါ။

လွတ်လပ်မှုဆိုတဲ့ အရသာက မလွတ်လပ်တဲ့ဘ၀မှာ ပိုပြီး သိရတယ်လို့ဆိုကြပါတယ်။ မြန်မာတနိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်ကနေ လွတ်မြောက်လာခဲ့တာ ဒီကနေ့ဆိုလို့ရှိရင် နှစ်ပေါင်း ၆၀ တင်းတင်းပြည့်လာခဲ့ပါပြီ။ ဒါပေမယ့်လွတ်လပ်မှုမရှိဘူးဆိုတဲ့ မြန်မာပြည်သူတွေရဲ့ ညည်းညူသံတွေ။ အော်ဟစ်တောင်းဆိုသံတွေဟာ ပြည်တွင်းမှာရော ပြည်ပမှာပါ အခုချိန်ထိ အသံမစဲနိုင်ဘဲဖြစ်နေပါတယ်။ အခုလိုနှစ်ပေါင်း ၆၀ ကြာလာတဲ့အခါမှာ ဘယ်လိုများ အမိပ္ပာယ်ဖွင့်ကြပါသလဲ။



ဦးဘိုလှတင့်

"လူရယ်လို့မွေးဖွားလာတယ်ဆိုလို့ရှိရင် တိုင်းပြည်ဆိုတာ ရှိရမှာပါ။ တိုင်းပြည်ရှိသလို လူသားတွေရဲ့ ဂုဏ်သိက္ခာနဲ့ရပ်တည်ပိုင်ခွင့်၊ လွတ်လပ်စွာအသက် မွေးဝမ်းကျောင်းပိုင်ခွင့်၊ မိမိယုံကြည်တဲ့အစိုးရကို တင်မြှောက်ပိုင်ခွင့်ဆိုတာ လူတွေရဲ့မွေးရာပါ အခွင့်အရေးတွေဖြစ်ပါတယ်။ အဲဒီအခွင့်အရေးတွေ ဆိတ်သုဉ်းနေတဲ့နေရာဟာ လွတ်လပ်မှုဆိတ်သုဉ်းတဲ့နေရာပဲဖြစ်ပါတယ်။ နအဖပဲဖြစ်ဖြစ် သူ့ရဲ့လက်တဆုပ်စာအလိုတော်ရိတွေက ကိုယ်ကျိုးစီးပွားကောင်းစားနေလို့ပဲဖြစ်ဖြစ် လွတ်လပ်တဲ့တိုင်းပြည်လို့ပြောနေပေမဲ့ အရှေ့တောင်အာရှ နိုင်ငံတွေ သွားတာတောင် ကိုယ့်လူမျိုးဟာ မျက်နှာအောက်ချ၊ ခေါင်းငုံ့သွားနေရပြီး သူများလူမျိုးနဲ့ ယှဉ်နိုင်စွမ်းမရှိတဲ့ဘ၀မျိုးမှာ လွတ်လပ်တယ်လို့ ကျနော်တို့ မယူဆပါဘူး။ တိုင်းပြည်တခုမှာ လွတ်လပ်တယ်ဆိုတာ ဂုဏ်သိက္ခာရှိရမယ်။ အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားနေရမယ်၊ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးဘာသာ သာသနာ ထွန်းကားနေရမယ်။**တိုင်းပြည်မှာ လူ့အခွင့်အရေးနဲ့ဒီမိုကရေစီတောင်မကပါဘူး၊ ဘာသာပေါင်းစုံ တည်ငြိမ်ပြန့်ပွားရေးတောင်ခြိမ်းခြောက်ခံနေရတဲ့ အခြေအနေမှာ လွတ်လပ်မှုဆိတ်သုဉ်းနေတယ်** လို့ပြောရမှာဖြစ်ပါတယ်"။

"သမိုင်းကြောင်းဆိုတာက ဘယ်သူမှ လိမ်ညာလို့မရသလို၊ ဘယ်သူမှဖျက်ပစ်လို့မရပါဘူး။ လွတ်လပ်ရေးရယူတုန်းက ဗမာ့တပ်မတော်ဟာ လူမျိုးပေါင်းစုံ ပြည်သူလူထုနဲ့လက်တွဲပြီးတော့ ရှေ့တန်းကတိုက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားပေးတဲ့ တပ်မတော်ဖြစ်တယ်။ ဒါသမိုင်းဖြစ် ပါတယ်။ ဒါပေမယ့်ဒီကနေ့ ဗိုလ်ချုပ်အောင်ဆန်း ရည်မှန်းခဲ့တဲ့ တပ်မတော်ဟာ ပြည်သူလူထုရဲ့ အစေခံဖြစ်ရမယ်ဆိုတဲ့ နေရာမှာ ပြည်သူလူထုရဲ့အသက် အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်တဲ့ဓါးပြသာသာလူတစုရဲ့လက်ကိုင်ဒုတ် ဖြစ်နေသလားဆိုတာ ဒီကနေ့ စစ်တပ်ကို ပြတ်ပြတ်သားသား ပြန်မေးရဲတဲ့ သတ္တိရှိဖို့လိုတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**NCGUB ဝန်ကြီး ဦးဘိုလှတင့်**

"၁၉၄၆ မှာကျနော် သရက်မြို့ အထက်တန်းကျောင်းရောက်တယ်၊ ၇ တန်း ကျောင်းသား။ ၁၉၄၇ တက္ကသိုလ်ဝင်တန်းအောင်တယ်၊ အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်သွားတော့ အိန္ဒိယက ကြေငြာတယ်။ ဗမာတွေ ခါးတောင်းကျိုက်မဖြုတ်ကြနဲ့ဆိုပြီးတော့။ ကျနော်တို့ချင်းအမျိုးသားကာ ကွယ်ရေးတပ် Chin Defense Organization မှာ ကျနော်ကခရိုင်စစ်ခေါင်းဆောင်။ တခါတည်း ဖွဲ့မာန်တင်းထားတာပေ့ါ။ အကောင်းဆုံးကိုမျှော်လင့်၊ အဆိုးဆုံးအတွက်လည်း ပြင်ဆင်ဆိုပြီး ဗိုလ်ချုပ်ပြောလိုက်တာကိုး။ အဆိုးဆုံးလည်းပဲဖြစ်ခဲ့တယ်။ လွတ်လပ်ရေးရတော့ ဗိုလ်ချုပ်ကျဆုံးတော့ ကျနော်တို့တော်တော်လေး ဝမ်းနည်းနေတဲ့အချိန်။ တနှစ် အတွင်းလွတ်လပ်ရေးရမယ်လို့ ကြေငြာလိုက်တော့ ဝမ်းသာကြတယ်။ ဗိုလ်ချုပ်ပြောတာ လွတ်လပ်ရေးရရင် ကျနော်တို့တာဝန်ပြီးပြီဆိုတော့ အဲဒီတုန်းကကျနော် ယူနီဖေါင်းမချွတ်ဘူး။ ကျနော် ရန်ကုန်ကိုရောက်လာတယ်။ ဘတ်စ်ကားခလည်း ကျနော်တို့ကို တပြားမှမယူဘူး။ မီးရထားဖိုးလည်း မယူဘူး။ ဘယ်လောက်ချစ်သလဲ လွတ်လပ်ရေးတိုက်ယူတဲ့သူဆိုပြီး။ ယူနီဖေါင်းမြင်တာနဲ့ချစ်ကြတယ်။ အခုတော့ ဘယ်သူကမှ ယူနီဖေါင်းမမြင်ချင်ဘူး။ ကြည့်ကိုမကြည့်ချင်ဘူး။ **ဟိုတုန်းက ကျနော်တို့သိခဲ့တဲ့ တပ်မတော်နဲ့ အခုတပ်မတော်က ပြဒါးတလမ်း၊ သံတလမ်း။ ဘယ်လိုမှ ကင်းအောင်လုပ်လို့မရလို့ ဆက်ဆံရတဲ့ ယူနီဖေါင်းပဲ။ ဘယ်သူမှ မဆက်ဆံချင်ဘူး။ တဖြည်းဖြည်း လုံးပါးပါးသွားတာ။** ကျနော်တို့ကြားဖူးတာက ကပ်ကြီးသုံးပါး၊ ဒုဗ္ဘိက္ခန္တရကပ်တို့ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ အခုတော့ ကပ်ကြီး(၅)ပါးကို ဆိုက်နေတာ၊ အဲဒီသုံးပါးအပြင် အမှန်တရားကိုပြောလို့မရတဲ့ကပ်၊ ထမင်းဆာတယ်ဆိုရင် ထမင်းဆာတယ်။ ကုန်ဈေးနှုန်းကြီးတယ်ဆိုရင် ကုန်ဈေးနှုန်းကြီးတယ်။ အဲလိုအမှန်တရားကို ပြောလို့မရတဲ့ကပ် ဆိုက်နေတာ။ နောက်တခုက ဘယ်ဘာသာမဆို ဗုဒ္ဓဘာသာ

# မပြိုကွဲနိုင်သော ပြည်ထောင်စု တည်ဆောက်ရေး



ဦးရွှေအုန်း

❑ ဝါရင့်သျှမ်းနိုင်ငံရေးသမားကြီး ဦးရွှေအုန်းက ပြည်ထောင်စု တည်ဆောက်ရေးနဲ့ပတ်သက်ပြီး အကြံပြုချက်တွေ ရေးသားခဲ့ပါတယ်။ အခုလဲ သမိုင်းဆိုင်ရာစာအုပ်တအုပ်ရေးသားပြီး နိုင်ငံရေးလုပ်ဖော် ကိုင်ဖက်တွေနဲ့မိတ်ဆွေတွေအကြားမှာ အဲဒီစာမူကို ဖတ်ရှုနေစေပါတယ်။ ဒီစာအုပ်ကိုပြီးခဲ့တဲ့ဇန္နဝါရီလ ၄ ရက်နှစ်ခြောက်ဆယ်မြောက်လွတ်လပ်ရေးနေ့မှာအပြီးသတ်ခဲ့ပါတယ်။စာအုပ်နဲ့ပတ်သက်ပြီးသမိုင်းဝင် ပင်လုံညီလာခံကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးရွှေအုန်းက–

*"ကျနော်ရေးတဲ့စာအုပ်က မပြိုကွဲနိုင်သောပြည်ထောင်စုကို တည်ဆောက်ကြပါစို့။ အကြောင်းကတော့ ပြည်ထောင်စုက နှစ်ခုရှိခဲ့ပြီလေ။ ၄၈ မှာတခါ ၇၄ မှာ တခါ အဲဒါတွေကပြိုကွဲသွားတယ်။ ပြိုကွဲသွားတဲ့ ပြည်ထောင်စုက ဘာကြောင့်ပြိုကွဲသလဲ။ ပြည်ထောင်စု ပုံသဏ္ဌာန်မမှန်လို့ ပုံသဏ္ဌာန်မမှန်တော့ ကြာရှည်မခံဘူး ပြိုကွဲသွားတယ်။ အဲလို မပြိုကွဲဖို့ နောက်ထပ်တည်ဆောက်မဲ့ပြည်ထောင်စုက မပြိုကွဲနိုင်သော ပြည်ထောင်စုဖြစ်အောင် ပုံသဏ္ဌာန်မှန်မှန်နဲ့ တည်ဆောက်ကြပါ။"*

❑ ပြီးဆုံးသွားတဲ့ နအဖအမျိုးသားညီခံမှာ ရေးသားနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ –

*"အခုညီလာခံဖွဲ့စည်းပုံက ပုံသဏ္ဌာန်မမှန်ဘူးလေ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပုံသဏ္ဌာန်မဟုတ်ဘူး။"*

❑ ဒီစာအုပ်ကိုတရားဝင်ထုတ်သွားဖို့ရှိလား။

*"စာအုပ်ကိုစာပေစီစစ်ရေးမှာ တင်ထားပြီးဖြစ်တယ်။ ကျလာမယ်လို့တော့ သိပ်မမျှော်လင့်ဘူး။ ဝတ္တရားအတိုင်း တင်လိုက်တာပါ။"*

❑ ဒီစာအုပ်ကိုဘာရည်ရွယ်ချက်နဲ့ရေးတာလဲ။

*"ကျနော့်အသက်က အခု ၈၅ နှစ် ရှိပြီ။ နိုင်ငံရေးစလုပ်လာတာ ၁၃ နှစ်သား ကတည်းကပါ။ အခုဆို နှစ်ပေါင်း ၇၀ ရှိပြီ။ ဒီအတောအတွင်း နိုင်ငံရေးနဲ့ပတ်သက်တဲ့ ကျနော့်အတွေ့အကြုံတွေ အများကြီး ရှိတယ်။ မသေခင်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဟာကို ကျနော်ရေးသားထားချင်တယ်။သမိုင်းမှတ်တမ်းပေါ့။ စာအုပ်ထုတ်ဖြစ် မထုတ်ဖြစ်လားတော့မသိဘူး။ မှတ်တမ်းကျန်ရင်ပြီးတာဘဲ"*

လောလောဆယ် နိုင်ငံရေးလုပ်ဖော် ကိုင်ဖက်တွေ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေ ဖတ်နိုင်ဖို့ပေးထားတယ်။ စာအုပ်ဖတ်ခွင့်ရတဲ့ တိုင်းရင်းသားလူငယ်တယောက်က ဒီစာအုပ်ဟာမျိုးဆက်သစ်တွေ အတွက် သမိုင်းအမွေအနှစ်တခုဖြစ်တယ်လို့ပြောပြပါတယ်။

*"ဒီစာအုပ်ဖတ်လိုက်ရတော့ ပြည်ထောင်စုဆိုတဲ့ဟာကို ပိုပြီး ခွဲခွဲခြားခြားသိမြင်သွားတယ်။ ကျနော်တို့အတွက် အင်မတန်တန်ဖိုးရှိတဲ့ သမိုင်းအမွေအနှစ်ကြီးတခု ရလိုက်သလိုပါဘဲ။"*

ဦးရွှေအုန်းဟာ ၁၉၄၃ အမျိုးသားညီလာခံစတင်ကျင်းပတဲ့ အချိန်မှာလဲ စာတမ်းတွေရေးပြီး အကြံပြုခဲ့တဲ့အတွက် ထောင်တနှစ်ကျခဲ့ဘူးပါတယ်။ ၂၀၀၅ မှာတော့ သျှမ်းအမျိုးသားအတိုင်အပင်ခံကောင်စီ ဖွဲ့စည်းတဲ့ ကိစ္စနဲ့ နေအိမ်အကျယ်ချုပ် တနှစ်ချခံခဲ့ရပါတယ်။

**Ronald** အောင်နိုင်
BBC 11/01/08

အပါအဝင် လွတ်လွတ်လပ်လပ်ကိုးကွယ်လို့မရဘူး။ ကိုယ်တက်ချင်တဲ့ ဘုရား တက်ပြီးကိုးကွယ်လို့မရဘူး။ အဲဒါမျိုးတွေ ဖြစ်ကုန်တယ်။ ဗမာပြည်သားတွေကိုကြည့်ရတာတခါတလေမျက်ရည်ကျချင်တယ်။ဒို့ဗမာတွေဘယ်လောက်ခံသလဲ။ ကျနော်ပြောချင်တာက ဟိုတုန်းက လွတ်လပ်ရေးရခါစမှာ ရွှေထီးဆောင်းခဲ့သော်လည်းပဲ ဒီကနေ့စုတ်ပြတ်လို့၊ သူများခြေသလုံးဖက်ပြီးတော့ဖွက်ထဲ၊ အိုင်ထဲ၊ မစင်ထဲမှာနစ်မြုပ်နေရတဲ့ဘဝကို ရောက်နေပြီ။ အဲဒီဘဝကို ကယ်တင်နိုင်ဖို့ဆိုရင် ကျနော်တို့ အမှန်တရားဘက်ကို ရပ်ရလိမ့်မယ်။

ပျဉ်းမနား ရေဆင်းတက္ကသိုလ်ပါမောက္ခဟောင်း
နိုင်ငံရေးအကျဉ်းသားဟောင်း
**ဒေါက်တာ ဆလိုင်းထွန်းသန်း** VOA ၄၊၁၊၂၀၀၈

# ပအိုဝ်းဂုရုကြီးများလုပ်ရပ် နှင့် ရှမ်းပြည်နောင်ရေး

ကျွန်ုပ်တို့ရှမ်းပြည်သည်ကား တိုင်းရင်းသားပေါင်းစုံနေထိုင်သော ပြည်နယ်ဖြစ်သည်။ ဦးအောင်ခမ်းထီ ပြောခဲ့ဖူးသော စကားအရ **"ပန်းပေါင်းစုံဖူးပွင့်နေတဲ့ပန်းဥယျာဉ်ကြီးလိုပါပဲဗျာ"**တဲ့။

မှန်ပါသည် လူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီး နေထိုင်ကြသော ရှမ်းပြည်ကို အင်္ဂလိပ်ကလည်း သရေကျကာ အုပ်ချုပ်ခဲ့ဖူးသည်။ ထင်းရှူးတော၊ ချယ်ရီနှင့် စိန်ပန်းပြာပန်းတို့အလှကြောင့် ဂျပန်များကလည်းအလွမ်းပြေဂျပန်ပြည် ဟုဆိုကာခြေကုပ်စခန်းလုပ်ခဲ့ဖူးသည်။ ရေ၊ မြေ၊ တော၊ တောင် သာယာလှပရုံသာမက တိုင်းရင်းသားပေါင်းစုံ ဓလေ့ရိုးရာများကလည်း မြင်ရသူအပေါင်းကို ဆွဲဆောင်လျက်ရှိသည်။ ဦးအောင်ခမ်းထီ၏ တင်စားချက်ကို ကျနော်လက်ခံပါသည်။



အောင်ခမ်းထီ

သဘာဝအလှသာမက နယ်ချဲ့လက်အောက်မှလွတ်မြောက်ရေး၊ ပြည်ထောင်စုဖြစ်ပေါ်လာရေးတို့တွင်လည်း ရှမ်းပြည်တိုင်းရင်းသားတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များမှာ သမိုင်းမော်ကွန်းတင်လောက်ပေသည်။ အထူးသဖြင့် ရှမ်းစော်ဘွားအချို့၏ ကြေးနန်းစာကြောင့် လန်ဒန်ရောက်ဗိုလ်ချုပ်အောင်ဆန်း မျက်နှာပျက်ရသည့် အချိန်တွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နိုင်ငံရေးလူငယ်အဖွဲ့ ဦးဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုထောက်ခံကြောင်း၊ လက်ရှိပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပေးရန် ကြွေးကြော်သံများဖြင့် လူထုဆန္ဒပြပွဲကြီး ပေါ်ပေါက်ခဲ့သည်။ ကြေးနန်းဖြင့်လည်းလန်ဒန်သို့ အချိန်မှီပေးပို့နိုင်ခဲ့သောကြောင့် တောင်တန်းသားရေးနှင့်ပတ်သက်၍ဆွေးနွေးရန် ပင်လုံညီလာခံသို့ ဗိုလ်ချုပ်တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုနေ့သည်တောင်ကြီးမြို့ ဈေးနေ့ရက်ကြီးဖြစ်သဖြင့် ရှမ်း၊ ပအိုဝ်း၊ အင်းသား၊ ဓနု၊ ပလောင် တိုင်းရင်းသားအပေါင်း ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည်။ အများစုမှာ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားကြသော ပအိုဝ်းတိုင်းရင်းသားများဖြစ်သည်။ ပင်လုံမှသည် လွတ်လပ်ရေးကြိုးပမ်းမှုများအတွင်း ပအိုဝ်းတိုင်းရင်းသားများ တာဝန်ကျေပွန်စွာ ပါဝင်ခဲ့သည်။ သမိုင်းတွင်မော်ကွန်းတင်ခံရသည့် ရှမ်းပြည်တိုင်းရင်းသားများထဲတွင် ပအိုဝ်းအမျိုးသားတို့သည်လည်း ဂုဏ်သိက္ခာမြင့်မားခဲ့သည်။

လွန်လေပြီးသောခေတ်ကာလက ရှမ်းပြည်တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပအိုဝ်းအမျိုးသားခေါင်းဆောင်တို့၏ အမျိုးသားရေးလှုပ်ရှားသမိုင်းသည် ကျေနပ်အားရစရာဖြစ်ခဲ့သော်လည်းယနေ့အခြေအနေ ပအိုဝ်းခေါင်းဆောင်များ၏လုပ်ရပ်များမှာ ပအိုဝ်းအမျိုးသားတို့အဖို့ဂုဏ်ရှိန်ဝါမှေးမှိန်စေနေပါသည်။

## လက်ရှိပအိုဝ်းအမျိုးသားခေါင်းဆောင်ဆိုသူများ

လက်ရှိ ရှမ်းပြည်တောင်ပိုင်း ပအိုဝ်းဒေသမှအဖွဲ့အစည်းများဆိုရာတွင် ပအမဖ ( ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်)၊ **(PNO)** ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် ရ–လ–လ–ဖ (ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့)တို့ဖြစ်သည်။

ပအမဖ ကတော့ တရားဝင်နိုင်ငံရေးပါတီဖြစ်ပြီး (၉၀) ရွေးကောက်ပွဲ၌ ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံးမြို့များ အနိုင်ရခဲ့သည်။ ဥက္ကဋ္ဌ ဦးအောင်ခင်ဆိုသူမှာ ဆီဆိုင်မြို့စား၊ စဝ်ခွန်ကြည်ကိုယ်စား ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ဦးဖြူ၏သားဖြစ်သည်။ အတွင်းရေးမှူးမှာ ၁၉၇၈ ခုနှစ်၊ မဆလ လမ်းစဉ်ပါတီသင်တန်းသားများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖွဲ့ဝင်များဖြစ်ကြသော ဦးခွန်မောင်တုတ်နှင့် ခွန်ကျော်ဇေယျ (ခေါ် ) ရဲသွေး တို့ဖြစ်သည်။

လက်နက်နှင့်ငြိမ်းချမ်းရေးယူခဲ့သော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **(PNO)** ၏ခေါင်းဆောင်မှာ ဦးအောင်ခမ်းထီဖြစ်သည်။ ၁၉၉၁ ဖေဖော်ဝါရီလ ၁၈ ရက်က နဝတနှင့်အစပိုင်းတွင် အပစ်အခတ်ရပ်စဲခဲ့သော်လည်း နောက်ပိုင်းတွင်ဆင်းရဲကြပ်တည်းလာသဖြင့်နဝတပြည်ထဲရေး၏ လစခစားတပ်အနေဖြင့် အသွင်ပြောင်းခဲ့သည်။ လစဉ်ရိက္ခာဆန်၊ ဒီဇယ်နှင့် ကျောက်တွင်းများစွာ ရရှိပိုင်ဆိုင်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၊ အထူးရဲတပ်ဖွဲ့အနေဖြင့် ယနေ့တိုင်ရပ်တည်လျက်ရှိသည်။

သုံးပိုင်းကွဲသွားရာပြီဖြစ်သော ရလလဖ အဖွဲ့သည် နဝတနှင့် ၁၉၉၄ အောက်တိုဘာလ ၉ ရက်တွင် အပစ်အခတ်ရပ်စဲခဲ့သည်။ ၁၀ နှစ်ကြာလွန်ချိန်တွင် ဘိန်းရာဇာတစ်ဦးဖြစ်သော ခွန်ချစ်မောင်က လူဟောင်းများကို ဖြုတ်ချကာ စစ်ဦးချုပ်မှ ဒု–ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌရာထူးအဆင့်ဆင့်ကိုရယူခဲ့သည်။ ၂၀၀၅ တွင်အဖွဲ့တွင်းတိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ရဲဘော်ခွန်တိဆောင် ဦးဆောင်သောအဖွဲ့သည် ၂၀၀၇နှစ်လယ်တွင် တောခိုသွားခဲ့သည်။ နအဖကမူးယစ်မှုဖြင့် ဖမ်းဆီးမည်ဟု ခြိမ်းခြောက်လာသောကြောင့် ဘိန်းရာဇာခွန်ချစ်မောင်မိသားစုနှင့် နေအိမ်တပ်ဖွဲ့မှာ ၂၀၀၇ ဇူလိုင် ၂၆ ရက်တွင် နအဖထံအပြီးအပိုင် လက်နက်အပ်နှံခဲ့သည်။ ကျန်ရှိသော ရဲဘော်ဟောင်းများက နာယကနှင့် ဥက္ကဋ္ဌဟောင်း စောတာကလယ်ကို ပြန်လည်ခေါင်းဆောင်တင်မြှောက်လိုက်ပြီး ယနေ့အချိန်ထိအင်အား ၂၀၀ ခန့်ဖြင့်ကြံ့ကြံ့ခံ ရပ်တည်လျက်ရှိသည်။

## ဝါးအစည်းပြေရာမှ ပြန်လည်စုစည်းကြရာတွင်

ပအိုဝ်းလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့သည် ၁၉၄၇ ၌ ကွဲသွားပြီး အပြန်အလှန်တိုက်ခိုက်ကြရာ ၂၈ နှစ်အကြာ ၂၀၀၂ တွင် ဗိုလ်ချုပ်ခင်ညွန့်၏ စေ့စပ်ပေးမှုကြောင့် တိုက်ခိုက်မှုရပ်နားခဲ့ကြသည်။ ပအမဖ ကြားဝင်ပေးခဲ့ခြင်းမရှိခဲ့ချေ။ ၂၀၀၃ ဇန်နဝါရီလတွင် ပအိုဝ်းတော်လှန်ရေးခေါင်းဆောင်ဟောင်း နောင်ဟိုင်းကျောင်းဆရာတော် ဦးနေမိစျာပနပွဲနောက်ပိုင်း ဒေသခံရဟန်းရှင်လူများ၏ မေတ္တာရပ်ခံချက်ကြောင့် တရားဝင်တွေ့ဆုံဆွေးနွေးလာကြသည်။

သုံးဖွဲ့ပေါင်းဆုံဆည်းကြစဉ် မိမိတို့၏ရှေ့ဆက်ရပ်တည်ချက်များကို ပွင့်လင်းစွာဆွေးနွေးကြရာ ဦးအောင်ခမ်းထီက ပအိုဝ်းပြည်နယ်ရရှိရေးအတွက် ကျေးလက်တောသရှိ ပအိုဝ်းအမျိုးသားများအားလုံး မှတ်ပုံတင်ရရှိရေး၊ မိမိကိုယ်တိုင်ကလည်း ရှမ်းပြည်တောင်ပိုင်း ကြံ့ဖွံ့တ်နာယကဖြစ်နေသောကြောင့် ပအိုဝ်းကျေးရွာမှန်သမျှကြံ့ဖွံ့တ်ဆိုင်းဘုတ်တင်ကြရေးတို့ကို အဓိကထားဆွေးနွေးသည်။

ပအမဖအဖွဲ့ကိုယ်စား(တစညပါတီမှကူးပြောင်းလာသူ) အတွင်းရေးမှူး ဦးမောင်တုတ်ကတင်ပြရာတွင် "ကျနော်တို့ကိုစစ်ထောက်လှမ်းရေး ဗိုလ်ကြီးရွှေမိုးကလာရောက်သတိပေးပါတယ်။ ခင်ဗျားတို့ပါတီဘာလုပ်နေလဲ၊ ခုဆို နိုင်ငံတော်ကဒေါ်အောင်ဆန်းစုကြည်တို့ကိုလွှတ်ပေးလိုက်ပြီ။သမိုင်းစာမျက်နှာသစ်ဖွင့်လိုက်လို့ ပါတီတွေသက်ဝင်လှုပ်ရှားနေကြပြီ၊ ခင်ဗျားတို့လည်း နောက်ကျနေဦးမယ် ပြောလာလို့ ခုဆိုကျနော်တို့ ပအမဖ သက်ဝင်လှုပ်ရှားနေပါပြီ။ ရှေ့ဆက်ပြီးတော့ ဘဖြားအောင်ခမ်းထီ၊ ဘဖြားတာကလယ်တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာပါ။ တောထဲမှာကျန်နေတဲ့ ခွန်ဥက္ကာ ကိုလည်း ပြန်ခေါ်နိုင်အောင်လုပ်ပါ့မယ်။ဥက္ကာရောက်လာရင်ကျနော်တို့မိသားစုတွေစုံပြီပေါ့" ဟုဆွေးနွေးတင်ပြသည်။

ရလလဖမှနိုင်ငံရေးမှူးဦးစိုးအောင်လွင်က ပအိုဝ်းခေါင်းဆောင်ကြီးများချမှတ်ခဲ့သည့် ပဒေသရာဇ်ဆန့်ကျင်ရေး၊ စစ်မှန်သော ဒီမိုကရေစီထွန်းကားရေးနှင့်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး မူဝါဒအပေါ် ဆွေးနွေးတင်ပြသည်။ ဆွေးနွေးပွဲရလဒ်အနေဖြင့် ဦးအောင်ခမ်းထီ ဖလားဘောလုံးပြိုင်ပွဲတွင် ရလလဖဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်လာသည်။ ဒါကိုဦးအောင်ခမ်းထီဘောလုံးအသင်း၌ အုပ်ချုပ်ရေးမှူးလုပ်နေသော ပအမဖ–အတွင်းရေးမှူးခွန်မောင်တုတ်က *"အားကစားဟာ ချစ်ကြည်ရေးဗျ၊ ကျနော့်ဘောလုံးအသင်းဆို ရလလဖဆီမှာလည်း သွားကစားတယ်၊ ဖြားတန်အောင်ခမ်းထီနဲ့မတည့်တဲ့ ကယန်း–ရွှေအေးဆီလည်း သွားကစားတယ်။ ခုဆိုသူတို့အဖွဲ့တွေလည်း အပြန်အလှန် ဖြားတန်အောင်ခမ်းထီအိမ်မှာ လာကစားနေပြီ၊ ဒါကြောင့် ဘောလုံးဟာ ချစ်ကြည်ရေးဘဲဗျ"* ဟုဂုဏ်ယူစွာပြောဆိုတတ်သည်။

(ယင်းဘော်လုံးပြိုင်ပွဲကျင်းပရာ နောင်ကားပွဲသို့ စာရေးသူသွားကြည့်ရာ ဘော်လုံးပွဲတိုင်း အနီကတ်များစွာဖြင့် ခိုက်ရန်ဖြစ်ပွားနေကြပြီး၊ ပအိုဝ်းလက်နက်ကိုင်များ ကျည်ဆန်ထိုးကာ စောင့်ကြပ်နေရသည်။ ဖိတ်ခေါ်ထားသော ပြည်နယ်ဒိုင်လူကြီးများလည်း စိတ်ဓါတ်ကျဆလံသ နေရရှာသည် – စာရေးသူ)



## မထူးခြားသော ပအိုဝ်းပြည်သူဘဝ

လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ခဲ့၍ သေနတ်သံမကြားခဲ့ရသော ပအိုဝ်းဒေသတွင်းရှိပြည်သူတို့၏ ပကတိဘဝမှန်မှာ ယခင်ကာလများက သေနတ်သံကြားတွင် တောင်ယာလုပ်ခဲ့ရသည်။ ယခုအေးဆေးစွာတောင်ယာလုပ်ကိုင်နိုင်ကြပြီ။သို့သော်ထွက်ရှိလာသောဆန်ကိုလက်နက်ကိုင်အဖွဲ့မှန်သမျှ ပံ့ပိုးနေရဆဲပင်။ ကားလမ်းများပေါက်လို့ ဝမ်းသာနေသလို နအဖတပ်သားများ မကြာခဏ ရောက်လာသောအခါတွင်လည်းကြောက်လန့်နေကြသည်။မူလတန်းကျောင်းများဖြစ်လာသည်။ သို့သော် မူလတန်းပြီးဆုံးသောအခါ အလယ်တန်းကျောင်း ရှားပါးသောကြောင့်ဘဝတက္ကသိုလ်တောင်ယာခွင်သို့တက်ရဆဲပင်။နိုင်ငံတော်က ဆေးခန်းများဆောက်လုပ်ပေးသည်။သို့သော်ဆေးဝါးမရှိသဖြင့် ယူနီဆက်ဆေးဝါးကိုသာ အားထားနေရသည်။နှစ်ပေါင်း ၅၀ကျော်ရပ်တည်နေသော ပအိုဝ်းလက်နက်ကိုင်အဖွဲ့မှာ ယနေ့တိုင်ထမင်းထုပ်ဆင့်နေရဆဲဖြစ်သော်လည်း မည်သည့်အဖွဲ့မျှ လူထုဘဝပြေလည်ရေးအတွက် မဆောင်ရွက်ပေးနိုင်ခဲ့။ ပအိုဝ်းအမျိုးသားခေါင်း ဆောင်အဖြစ်ခံယူထားသော ဦးအောင်ခမ်းထီအဖွဲ့သည် ကျောက်စိမ်း၊ ပတ္တမြားတွင်းများရရှိကာ ကားမျိုးစုံ ၂၀၀ ခန့်ပိုင်ဆိုင်ထားကြသည်။ သို့သော်လူထုအခမဲ့စီးခွင့်မရှိ။ စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

နောင်ကားဘော်လုံးပွဲနှင့်ရှေးဟောင်းသမိုင်းတွင် ကက္ကူဘုရားလေ့လာချင်တာကြောင့် ပီအဲန်အိုအဖွဲ့ပိုင် ဗိုလ်မှူးမောင်းနှင်သောကားကို အခကြေးငွေပေး၍ လိုက်ပါစီးနင်းခဲ့ရသည်။လမ်းခရီးတွင် ပအိုဝ်းအဖွားအိုတစ်ဦးက ကားတားစီးသည်။နောင်ကားရောက်တော့ဗိုလ်မှူးဆိုသူက အဖွားအိုထံကားခတောင်းသည်။ အဖွားအိုက ဒေသထွက်သံဖြင့် တုံ့ပြန်သည်။

**ပအိုဝ်းအဖွားအို။** ။နင်တို့ကားက ပအိုဝ်းအမျိုးသားအဖွဲ့ပိုင်ကားဆို၊ ငါလည်းပအိုဝ်းလေ ပိုက်ဆံပေးဖို့လိုလား။

**ပီအဲန်အိုဗိုလ်မှူး**။ ။မိုးဖြား ကားကရေနဲ့မောင်းရတာမဟုတ်ဘူး၊ ဒီဇယ်ထည့်ပြီးမောင်းရတာ ပိုက်ဆံလိုတယ်။

**ပအိုဝ်းအဖွားအို**။ ။ဒါဆို နင်တို့တော်လှန်ရေးလုပ်ချိန်က ထမင်းထုပ်တွေကိုပလိုင်းနဲ့လွယ်ပြီး ငါပို့ပေးတာကော နင်တို့ ငါ့ကို ထမင်းဖိုးပိုက်ဆံ ပေးခဲ့ဖူးလား။

**ပီအဲန်အိုဗိုလ်မှူး**။ ။မိုးဖြား အဲဒါက တော်လှန်ရေးကာလ၊ ခုဟာက တော်လှန်ရေးခေတ်မဟုတ်တော့ဘူး။ စီးပွားရေးခေတ်ရောက်နေပြီ။

ပအိုဝ်းအဖွားအိုတစ်ယောက် "ဟင်း" ဟုသာ သက်ပြင်းချနိုင်ပြီး လက်ထဲကျစ်ကျစ်ပါအောင်ဆုပ်ထားသော ငါးရာကျပ်တန်ကိုပေးလိုက်ရသည်။

## ယနေ့ပအိုဝ်းလက်နက်ကိုင်အဖွဲ့များ

"လက်နက်ကိုင်တိုက်ရင် နှစ်ဖက်လုံးအထိနာတယ်။ လူထုလည်းပင်ပန်းတယ်။ ဒါကြောင့် သူတို့ပေးတဲ့ စီးပွားရေးလုပ်ကွက်နဲ့ ပိုက်ဆံရှာမယ်။ စီးပွားရေးစစ်ပွဲနဲ့အနိုင်ယူမယ်"ဟု ငြိမ်းအဖွဲ့များ ကြွေးကြော်ခဲ့ပြီး စီးပွားရေးကြိုးစားလုပ်ခဲ့ကြပါသည်။ နအဖကို စီးပွားရေးဖြင့်တိုက်ဖို့နေနေသာသာ စစ်ထောက်လှမ်းရေး၏စီးပွားရေး မက်လုံးကြောင့် မိမိတို့အဖွဲ့အတွင်း စည်းလုံးမှုပြိုကွဲခဲ့သည်။ စီးပွားရေးလုပ်ကွက်တစ်ခုချပေးသောအခါ ခေါင်းဆောင်ပိုင်းမိသားစုနှင့် အဖွဲ့အစည်းအတွင်းရေးမှူးအဖွဲ့ကြား လုယက်စေရန် အလယ်တည့်တည့်ပစ်ချပေးရုံသာမက သပ်လျှိုရန်တိုက်ပေးသည်။ ဤသည်မှစ၍ ပြဿနာအစပျိုးလာသည်။ အနာရင့်မှည့်လာသော ရဲဘော်ရဲဘော်ဆိုသည့် စိတ်ဓါတ်ခေါင်းထဲမှာမရှိ။ စည်းစိမ်ဥစ္စာသာလျှင် အဓိကဟုသတ်မှတ်ကာ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား ဝါးမျိုကြသည်။ ဤသည်မှာ ငြိမ်းအဖွဲ့များ အားလုံးလိုလို ရင်ဆိုင်ရသောပြဿနာဖြစ်သည်။

ကျောက်စိမ်းနှင့်ပတ္တမြားတွင်းများပိုင်ဆိုင်သော ဦးအောင်ခမ်းထီတို့လည်း အပါအဝင်ဖြစ်သည်။ တော်လှန်ရေးအပေါ် သစ္စာရှိခဲ့သော လုပ်ဖော်ကိုင်ဖက် ဒု-ဥက္ကဋ္ဌ ခွန်ထွန်းရီအား ကွက်မျက်သတ်ဖြတ်လိုက်ပြီး ပွဲစားဖြစ်နေသူနေဝင်းထွန်း (ပတ္တမြားနဂါး) ကိုအစားထိုးခဲ့သည်။ တစ်ဖက်မှလည်း ဗိုလ်သန်းရွှေဇနီး ဒေါ် ကြိုင်ကြိုင်ကို ချဉ်းကပ်ဂါရဝပြုကာ ရှမ်းပြည်တွင်းမှ ပအိုဝ်းကိုခွဲထုတ်ရန် ကြိုးစားလာသည်။ သွားလေသူဦးနေဝင်း (လုံးဝ) လက်မခံသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုသည်မှာ ယခုဦးသန်းရွှေလက်ထက်တွင် လက်ခံလာသည်။ စေတနာရှိ၍မဟုတ်။ ဖက်ဒရယ်တောင်းဆိုသော ရှမ်းများကိုပအိုဝ်းဖြင့် ရန်တိုက်ပေးခြင်းသာဖြစ်သည်။

လက်ရှိအချိန်တွင် ငါးစာကိုသာမြင်နေရပြီး ငါးမျှားချိတ်ကိုမမြင်နိုင်သေးသောကြောင့် ရင်လေးစရာ။ ပအိုဝ်းအမျိုးသားခေါင်းဆောင်အမည်ခံထားသော်လည်း ပအိုဝ်းပြည်သူများ "အနင်းခံဘဝ" ရောက်အောင်တွန်းပို့နေသည်။ တော်လှန်ရေး၏အသီးအပွင့်များကို ဘယ်သူတွေစားသုံးနေကြောင်း ပအိုဝ်းပြည်သူလူထုကသိသည်။ တချိန်က ငြိမ်းချမ်းသော တောင်ကြီးမြို့သည် ယခုအခါအနှိပ်ခန်း၊ စင်တင်ကာရာအိုကေခန်းတို့ဖြင့် အေးချမ်းမှုကိုဖျက်ဆီးနေကြသည်။ ပအမဖ-ဥက္ကဋ္ဌ ဦးအောင်ခင်ပိုင်ဆိုင်သော တောင်ပိုင်းရပ်ကွက်မှ (Day@Night) ကာရာအိုကေခန်းနှင့် ဦးအောင်ခမ်းထီပိုင်ဆိုင်သော ဂေါက်ကလပ်အနီးရှိ (ချစ်ပုံပြင်) အနှိပ်ခန်းတို့သည် အပါအဝင်ဖြစ်သည်။ ဦးခွန်မောင်တုတ်ဦးဆောင်သော တောင်တန်းလူငယ် ဘော်လုံးအသင်းသည် တောင်ကြီးမြို့သို့ လာရောက်ဘော်လုံးကန်တိုင်း ညပိုင်းရောက်လျှင် အနှိပ်ခန်းနေရာလုကြရင်း အချင်းချင်းခိုက်ရန်ဖြစ်ပွားဆဲဆိုသံ၊ ကာရာအိုကေခန်းမအတွင်း သောင်းကျန်းအော်ဟစ်သံများ မကြာခဏ ဖြစ်ပွားနေသည်။

(**စုံစမ်းတွေ့ရှိချက်** ။ ။ ရန်ကုန်ရှိအနှိပ်ခန်းများ ဈေးပျက်သောကြောင့်ချစ်ပုံပြင်အနှိပ်ခန်းသို့ လာရောက်လုပ်ကိုင်သူ အမျိုးသမီး ၆ ဦးနှင့် (Day@Night) ကာရာအိုကေခန်းတွင် ရုပ်ချောသော်လည်း အသံမကောင်းသူအဆိုတော်အမျိုးသမီး ၈ ဦးရှိသည်။ ဦးခွန်မောင်တုတ်အပါအဝင် တောင်တန်းလူငယ်ဘော်လုံးအသင်းသည် ၂၈ ဦးရှိသည်။ ကားဒရိုင်ဘာနှင့်စပယ်ယာများဝင်သေး)

## ဂုရုကြီးများ ဘယ်လဲ ? ဘာလဲ ?

လူဦးရေ ၅ သန်းကျော်ရှိသော ရှမ်းပြည်တိုင်းရင်းသားများထဲ၌ ရှမ်းပြည်တောင်ပိုင်းတွင်နေထိုင်သော ပအိုဝ်းတိုင်းရင်းသားဦးရေ ၁၁ သိန်းခန့်ရှိသည်။ ပြည်နယ်တစ်ခု၏ ရှိသင့်သောလူဦးရေ ဟုဆိုလျှင်မှန်ကန်ပါသည်။ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း၊ နယ်မြေဒေသနှင့်စီးပွားရေးလုပ်ငန်းတို့ ပြည့်စုံနေပါလျက် ပြည်နယ်တစ်ခု တောင်းဆိုခဲ့သော် သဘာဝကျပါသည်။ ပအိုဝ်းပြည်နယ်ကိစ္စသည် ရှမ်းပြည်နယ်တွင်းရှိ တိုင်းရင်းသားများနှင့် ပအိုဝ်းတိုင်းရင်းသားတို့ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ညောင်နှစ်ပင်ပြဌာန်းချက်ဖြစ်စေ၊ နအဖဆုံးဖြတ်ချက်ဖြစ်စေ၊ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိပေ။ သမိုင်းအစဉ်အဆက် ချစ်ကြည်စွာနေထိုင်ခဲ့ကြသော ပအိုဝ်းအမျိုးသား ခေါင်းဆောင်များဖြစ်ကြသည့် ဆီဆိုင်မြို့စားစဝ်ခွန်ကြည်၊ အမတ်ဦးအောင်သာ၊ ဦးလှဖေ၊ ဗိုလ်ချုန်စုံနှင့်(ယနေ့တိုင်တောင်ကြီးမြို့၊မြေဖြူရပ်ကွက်ကမ္ဘဌာန်းကျောင်း အနီးတွင်နေထိုင်လျှက်ရှိသော) ဦးကျော်စိန်တို့သည် ပအိုဝ်းအမျိုးသားတိုင်းသာမက ရှမ်းပြည်တိုင်းရင်းသားများပါ လေးစားရသော ခေါင်းဆောင်များဖြစ်သည်။

လက်ရှိပအိုဝ်းသားအမျိုးသားခေါင်းဆောင်အဖြစ် ခံယူထားသော ပအိုဝ်းဂုရုကြီးများအနေဖြင့် စံပြုထိုက်သော ခေါင်းဆောင်ဟောင်းများ၏ အမွေကိုလက်ဆင့်ကမ်းထိန်းသိမ်းကာ ရှမ်းပြည်တိုင်းရင်းသားများနှင့်ချစ်ကြည်စွာ နေထိုင်ရေးကိုလုပ်ဆောင်သင့်သည်။ နအဖ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမက်လုံးကို ယုံကြည်ပြီး လူမျိုးရေးခွဲခြားမှုဖန်တီးလာပါက ပအိုဝ်းပြည်သူအပါအဝင် ၅ သန်းမျှသော ရှမ်းပြည်တိုင်းရင်းသားပြည်သူလူထုကြီးအဖို့လက်ခံမည်မဟုတ်ပါ။ လက်ရှိတွင် တောင်တန်းလူငယ်ဘော်လုံးအသင်းအပါအဝင် ပအိုဝ်းဂုရုကြီးများ အင်အားသည် ၅၀ လောက်သာရှိသည်ကို နှလုံးမူသတိပြု ဆင်ခြင်သင့်သည်။

**စိုင်းမင်းလွင် (ရှမ်းပြည်)**

## ပၢႆးမွၼ်း




**ထိုင်ၵေႃႉႁဝ်းႁၵ်ႉ – ၸိုဝ်း**

ၸၢႆးလူင်၊ ၸၢႆးသၢႆမူင်း ၶလႈ
ၸၢႆးသၢမ်မွၵ်ႇ၊ ၼွင်ႁွၵ်ႇဝႃႉ
ပီၼ်ၽိင်းၵႂၢမ်းပၢၼ်မႂ်ႇ၊
ၵၼ်မွင်ၸႂ်လွမ်းသိင်ႇဝီတ်ႇလွမ်ႇ
မိူၼ်ၼင်ႇၽိင်း ၼမ်ႉၸူင်းၵွၼ်ႇၽၢၼ်ငဝ်း
ၵွၼ်ၶၼ်ႁႃထွမ်ႇတူၺ်းသေၵမ်း

တိတ်းတေႃႇၵပ်းသိုပ်ႇသင်ႇသိုဝ်ႇလႆႈတီႈ 086-9249154




**ႁၵ်ႉၵိုမ်းၶလႈၵၢမ်ႇလိုမ်းသူ**

ၽူႈႁွင်ႉၵႂၢမ်း ၸၢႆးၽူင်းလိုၼ်

ၵႂၢမ်းႁၵ်ႉၵႂၢမ်းပီင်းပၢၼ်မႂ်ႇ၊
ၵၼ်လီတီတၢင်းတၢမ်
ႁႃသိုဝ်ႉထွမ်ႇတူၺ်းယူႇၸပ်းၸိူင်ႈ

# တော်လှန်ရေးသီချင်းကြော်ငြာကဏ္ဍ

တေးဂီတဝါသနာရှင် မျိုးချစ်ပြည်ချစ် တိုင်းရင်းသားလူငယ်များ သို့ နှုးဆော်ဖိတ်ခေါ်ချက်။

မျိုးချစ်တိုင်းရင်းသားလူငယ်များအဖို့ မိမိတို့တတ်မြောက် ကျွမ်းကျင်ရာ၊ဝါသနာထုံရာ၊ လေ့လာလိုက်စားရာ တေးဂီတအနုပညာ ဖြင့် မျိုးချစ်စိတ်ရှင်သန်ရေး။ အမျိုးသားအကျိုးထောက်ကူ ပံ့ပိုးရေး၊ တိုင်းရင်းသားလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီတော်လှန်ရေးအလုပ်အကြွေး ပြုသီချင်းခွေ/စီဒီများ ကြော်ငြာလိုပါက Independence သတင်းစာ စောင်၏ဤကဏ္ဍသစ် *(စာမျက်နှာ ၃၉ အတွင်းနောက်ကြောဖုံး ဆေးရောင်စုံ)* မှကြိုဆိုပါသည်။

မိခင်ဘာသာစကားဖြစ်စေ၊ ဗမာဘာသာဖြစ်စေ – ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင်၊ သျှမ်း – ၇ ပြည်ထောင်တိုင်းရင်းသား မောင်မယ်တဦး/တဖွဲ့/တဒေသမှထုတ်လုပ်သော တေးသီချင်းများကိုအခြား ဒေသ/ပြည်ထောင်နေ တိုင်းရင်းသားများ နားဆင်ခွင့်ရလျှင် တနည်းတလမ်းအားဖြင့် ခံစားအားပေး ဖလှယ်နိုင်ကြမည်ဟု ယူဆပါသည်။

သို့ဖြစ်၍ ဤကဏ္ဍတွင်ထည့်သွင်းစေရန်ပေးပို့ပါက အလကား (free) ကြေငြာပေးပါမည်။

သီချင်းခွေ/စီဒီပေးပို့ပါက (အင်္ဂလိပ်/ဗမာစာမပါရှိလျှင်) အဆို ရှင်/တီးဝိုင်းအမည်၊ ပါဝင်သောသီချင်း အချို့၏ အနှစ်ချုပ် (အဓိပ္ပာယ်) အနှစ်သာရ ဦးတည်ချက်၊ နောက်ခံအကြောင်းရင်းအတိုချုပ်၊ ဖြန့်ချိ သည့် နေရာ၊ တောင်းခံ/ဝယ်ယူနိုင်သည့် ဆက်သွယ်ရန်လိပ်စာ/ ဖုန်း၊ အီးမေးလ် စသည်တို့ကိုပါ ပူးတွဲပေးပို့စေလိုပါသည်။




ယခုလ ကနဦးဆုံး EQUAL ၏ Suffering ကရင်တော်လှန်ရေး သီချင်းစီဒီကို ဖေါ် ပြလိုက်ပါသည်။

Equal ကို ၂၀၀၆ နိုဝင်ဘာတွင်(အသက် ၁၉–၂၇ နှစ်) မျိုးချစ်ကရင်လူငယ် ၅ ယောက်စတင်ထူထောင်ခဲ့၏။ အဆိုရှင် Jester Thakolo က တီးဝိုင်းခေါင်းဆောင်ဖြစ်ပြီး ဤ Suffering မှာပထမဦးဆုံး album ဖြစ်သည်။ သီချင်း ၁၂ ပုဒ်အနက် ၁၀ ပုဒ်မြောက်သီချင်းမှာသံလွင်ရေကာတာဆန့်ကျင်ရေး/တည်ဆောက်မှုကာကွယ် တားဆီးရေးဖြစ်ပြီး ၇ ပုဒ်မြောက်မှာ ကမ္ဘာ့ဆုအသီးသီးရမယ့်တောဝ်ဆေးခန်း ဂရုဏာရှင် ဒေါက်တာစင်သီယာမောင်၏ အနစ်နာခံကျေးဇူးပြုမှုလုပ်ရပ်များကို ချီးကြူးဂုဏ်ပြုထားသည်။ ကွယ်လွန်သူ ကရင်အမျိုးသားခေါင်းဆောင် ဒေါင်ဒေါင်မြည်တော်လှန်ရေးသမားကြီး ဗိုလ်ချုပ်ကြီး စောဘိုမြကဲ့သို့– အနာဂတ်ကြယ်ပွင့်လူငယ်များ၏ ကဏ္ဍအရေးပါပုံ ဖေါ်ကြူးတိုက်တွန်းထားသောသီချင်းလည်းပါဝင်သည်။

Equal မှ ကရင်လူငယ်များသည် KNU အရာရှိအချို့၏သားများ ဖြစ်ပြီး အများစုမှာမဲဆောက်တွင်နေထိုင်ကြသည်။

ဆက်သွယ်နိုင်သည့်လိပ်စာမှာ – email : christoneler@yahoo.com, thakolo-o5@yahoo.com
Tel : 087 199 5008, 087 085 9576



## လိူဝ်ႈၸွင်ႇၶၢမ်ႇလမ်ႇလွင်ႈ

ၵမ်ႈၼမ်ၸွင်ႇလပ်းလိူဝ်ႈမွၵ်ႇႁွၼ်
လိူဝ်းၶွၼ်ဝႄႈမွၵ်ႇလိၼ်–လီပ်ႈၼပ့်ၵိၼ်ပၢၵ်ႇ
ၶၼ်ဝႄႈမၢၵ်ႇမုၼ်ႇထုၼ်ႇၵေႃႈမီး
ပေႃးၵီႈပုင်ႇၸွင်ႇလိၼ်တၢင်းတုၼ်ႈ
လႆႈသႂၢင်ႇမုၼ်ႈလွမ်းမိူဝ်ႈထုပ်းႁၼ်
ၵိုၵ်းသၼ်လွႆးမိူင်းႁဝ်းၶၢဝ်းၵတ်း
ၸွင်ႇတတ်းမၵ်းပိၵ်ႇပိူင်ႈၵေႃႈလီ
ပေႃးပိၼ်သီႁၢင်ႈၸိူင်ႈမိူင်းလႆႈ
ထုၵ်ႇၶၢမ်းၸွႆႈယုၵ်ႉယွင်ႈတၢင်းပိုၵ်း
လိူဝ်ႈၸွင်ႇၶၢမ်ႇၸိုၵ်ႉပိင်းပၵ်းၽႃၸ်လွၼ်ႉၵိၼ်

SKH (15/1/08)

* သႂၢင်ႇ = ပိုတ်ႇလီၼ်ႈလီၼ်းပၢင်ႇ = สว่าง = သဝၢင်ႇ
(မၢၼ်ႈယိူင်ႈယိၼ်းပိၼ် ၶွင်)

Photo : SKH (SHAN)





S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org